www.burmeseclassic.com



www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက် – ၄၀၁၀၃၃၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက် – ၄၀၁၁၀၂၀၅၁၁

| | |
|---|---|
| ထုတ်ဝေသူ | ဦးခင်မောင်ကြွယ် (မြ–၀၃၇၅၀)<br>အမှတ် – ၅၉ (မြေညီထပ်)<br>ခြံအမှတ် (၂၇)<br>ယောမင်းကြီးလမ်းသွယ်<br>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ဝင်းဝင်းအေး (မြ–၀၆၇၄၉)<br>ကောင်းသန့်ပုံနှိပ်တိုက်<br>အ–ထ–က (၆)၊<br>ဗိုလ်တထောင်ကျောင်းဝင်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံး | ကိုဆန်း |
| ကွန်ပျူတာ | ကိုတင်ထွန်း |
| အတွင်းဖလင် | မဟာမီဒီယာ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| ပြီးစီးသည့်ကာလ | ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ |
| စာအုပ်ချုပ် | စိန်ကြည် |
| ဖြန့်ချိရေး | ကောင်းသန့် စာပေ<br>အမှတ် ၂၀၉၊ ပ–ထပ်(ယာ)<br>၃၈ လမ်း(ထက်)၊ ရန်ကုန်မြို့။<br>ဖုန်း – ၃၈၃၄၂၃ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | 800/- |

BURMESE CLASSIC .com

# ကောင်းသန့်
# သမီးလေးဖတ်ဖို့
# [၄]

ကောင်းသန့်စာပေ
အမှတ် (၂၀၉)၊ ပ–ထပ်(ယာ)၊ ၃၈လမ်း(ထက်)
ရန်ကုန်မြို့။ ဖုန်း–၃၈၃၄၂၃

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မငိုပါနဲ့...သမီးရယ်...

သမီး...

နိုင်ငံရပ်ခြား စာသင်သွားတဲ့ သမီးလေးကို သတိရတိုင်း ဖေဖေ လွမ်းနေမိတယ်။

ဖေဖေ့ရဲ့မေတ္တာရိပ်အောက်မှာ နှစ်ပေါင်း ၂၀ ကျော် နွေးနွေးထွေးထွေး လုံလုံခြုံခြုံနေလာတဲ့ သမီးလေး၊ အဆင်မှ ပြေရဲ့လားလို့ ဖေဖေတွေးပြီး စိတ်ပူနေမိတယ်။

ဖေဖေ့ရင်ခွင်ထဲက ခုလိုအကြာကြီး ခွဲထွက်မသွားခဲ့ဘူးလေတော့ သမီးလေး နေတတ် ထိုင်တတ်ပါ့မလား။

ဖေဖေ သတိရသလို သမီးလေးကလည်း သတိရနေမလား။ ဖေဖေ လွမ်းသလို လွမ်းနေမလား...။

ဖေဖေက မိသားစုအသိုင်းအဝိုင်းနဲ့ သူငယ်ချင်း အပေါင်းအသင်းတွေကြားမှာ ကျန်ခဲ့လေတော့ သိပ်မသိသာလှဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သမီးလေးက မိသားစုနဲ့ခွဲခွာပြီး ကိုယ့်ဘာသာ ရပ်တည်နေထိုင်ရသလို ပတ်ဝန်းကျင်အသစ်နဲ့ တွေ့ကြုံ ပေါင်းသင်းရလေတော့ စိတ်အားငယ်ရှာလေမလား။ အိမ်လွမ်းတဲ့စိတ်တွေနဲ့ စိတ်နွမ်းလျနေမလား။

ထင်တဲ့အတိုင်းပါပဲ။ သမီးရေးပို့လိုက်တဲ့စာ ဖတ်ရတော့ ဖေဖေ စိတ်မကောင်းဖြစ်ရတယ်။ အိမ်ပြန်လာချင်လို့ စာရေးရင်း ငိုနေရသတဲ့လေ။ အစစအရာရာ ဈေးကြီးလို့ မချက်တတ် ချက်တတ်နဲ့ ကိုယ့်ဘာသာ ချက်ပြုတ်စားနေရသတဲ့။ စာတွေလည်း ဖတ်ရ၊ အဝတ်လျှော်၊ မီးပူတိုက် စတဲ့ အိမ်အလုပ်တွေလည်း လုပ်နေရလို့ အချိန်ကုန်သွားမှန်းတောင် မသိဘူး။ နည်းနည်းလေး အားတာနဲ့ ဖေဖေ့ကိုသတိရပြီး လွမ်းနေသတဲ့။

'ဖေဖေ လိုက်လာနော်။ မြန်မြန်လာ။ အီးမေးလ် လည်း နေ့တိုင်းပို့။ ဖေဖေ့အီးမေးလ်တွေကို နှစ်ကြိမ်မက အကြိမ်ကြိမ်ဖတ်နေလည်း အလွမ်းမပြေဘူးတဲ့။'

ဖေဖေနဲ့ မခွဲစဖူး ခွဲခဲ့ရလို့ သမီးလေး အရမ်းလွမ်းနေမှာ ဖေဖေသိပါတယ်။

ဒါပေမဲ့ သမီးရယ်... ဘဝဆိုတာ... ဒီလိုပဲ စွန့်စား ရုန်းကန်ရတာပဲ မဟုတ်လား။

သမီးကို မျက်စိအောက်မှာထားပြီး တစ်သက်လုံး ကျွေးမွေးထားနိုင်ပေမဲ့ ဖေဖေနဲ့ ဝေးရာကို ပို့လွှတ် ပညာသင်စေတာဟာ မေတ္တာကြောင့်ပါပဲ။

မေတ္တာဆိုတာ သူ့အကျိုးလိုလားခြင်း။

မေတ္တာဆိုတာ အချုပ်အချယ်ကင်းတဲ့ ငြိမ်းချမ်းခြင်း။

သမီးဘဝကို အချုပ်အချယ်ကင်းတဲ့ ငြိမ်းချမ်းခြင်းကိုရဖို့ သမီးအကျိုးလိုလားစွာနဲ့ ဖေဖေ့ရင်ခွင်ထဲက တွန်းလွှတ်လိုက်တာပါ သမီးရယ်။

သမီးကို မချစ်လို့မဟုတ်ပါဘူး။ ခိုင်းစားချင်လို့ လည်း မဟုတ်ပါဘူး။

အတောင်အလက်စုံလုနီးဖြစ်နေတဲ့ သမီးလေးကို ကိုယ့်အားကိုယ့်မာန်နဲ့ ကြိုးစားရုန်းကန် ပျံသန်းစေချင် လို့ပါ။ သမီးကို တစ်သက်လုံးချစ်၊ တစ်သက်လုံးကျွေးမွေး နေချင်တဲ့ဖေဖေ လူ့လောကမှာမရှိတော့ရင် ဝမ်းနည်း ကြေကွဲ အားငယ်ပြီး ယောင်လည်လည်ဖြစ်နေမှာစိုး လို့ပါ။

ဖေဖေ့စေတနာကိုနားလည်ရင် ဖေဖေဖြစ်စေချင် သလို ကိုယ့်အား ကိုယ့်မာန်နဲ့ အောင်အောင်မြင်မြင် ရုန်းကန်ရမယ်နော်။ လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ရမယ်။

ကိုယ့်ဘဝကိုယ် ကျကျနနထူထောင်ပြီးရင် အများ အကျိုးဆောင်ရမယ်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအကျိုး သယ်ပိုးရမယ်။

အဲ့ဒီ ရည်မှန်းချက်တွေအတွက် အခက်အခဲတွေကို ဖြတ်ကျော်ရဲရမယ်။ စိတ်ခံစားမှုတွေကို အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်ထားနိုင်ရမယ်။

လွမ်းနေတဲ့စိတ်ကိုတင်းပြီး အလုပ် လုပ်ရမယ်၊ စာကျက်ရမယ်။ လုပ်သင့်လုပ်ထိုက်တာမှန်သမျှ လုပ်နေ ရမယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်… အခုအချိန်မှာ လွမ်းချင်လွမ်းပါ။

ဒါပေမဲ့… အားငယ်ဝမ်းနည်းစိတ်နဲ့တော့ မငိုပါနဲ့ သမီးရယ်။ စိတ်အားကိုတင်းပြီး ချက်ချင်းမျက်ရည်သုတ်လိုက်ပါ။

ဘဝအားမာန်နဲ့ ရှင်သန်ရှန်းကန်ရဲတဲ့ သတ္တိခဲ သမီးလေးဖြစ်စေချင်လို့ပါကွယ်။

သမီးလေး တိုးတက် အောင်မြင် ပျော်ရွှင်ငြိမ်းချမ်းပါစေ။

သမီးလေးကို သိပ်ချစ်တဲ့… ဖေဖေ။

BURMESE CLASSIC .com

**ကောင်းသန့်**

၄၊ ၇၊ ၀၅

သမီး…

လူတော်တွေက
အရည်အချင်းရှိတဲ့သူကို လေးစားတယ်။
တန်ဖိုးထား ဆက်ဆံတယ်။
လူမိုက်တွေက
အရည်အချင်းရှိတဲ့သူဆို
မနာလို ဝန်တိုတယ်။
ရန်ရှာပြီး ဒုက္ခပေးတတ်တယ်။
လူတော်နဲ့ လူမိုက်ကို
သမီးလေး ခွဲခြားတတ်ပါစေ။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

ကမ္ဘာကျော် နိုင်ငံကျော်ပုဂ္ဂိုလ်တိုင်းလိုလို
ငယ်ရွယ်စဉ်က ဆင်းရဲခဲ့ကြတယ်။
အဲဒီဆင်းရဲတွင်းက လွတ်မြောက်အောင်
အသေအလဲကြိုးစား ရုန်းကန်ရင်းနဲ့
ထမြောက်အောင်မြင်ကြီးပွားပြီး
ကမ္ဘာကျော် နိုင်ငံကျော်တွေဖြစ်ကြတာ။
**ဘာမှမလုပ်ဘဲ ကံကောင်းပြီး**
**ကြီးပွားချမ်းသာ ထင်ရှားကျော်ကြားတဲ့သူ**
**တစ်ယောက်မှ မရှိပါဘူးကွယ်။**
ကြီးပွားချမ်းသာအောင်မြင်ချင်ရင်
ဘဝပင်လယ်ပြင်မှာ စွန့်စားပြီး
လက်ပစ်ကူးရဲတဲ့သတ္တိရှိရမယ်။
ဇွဲ လုံ့လ ဝီရိယရှိရမယ်။
စိတ်ကူးဉာဏ်ကို တီထွင်ကြံဆ
အသုံးချတတ်ရမယ်။
ဘာပဲလုပ်လုပ် စိတ်စေတနာကောင်းရမယ်။
ဒီအချက်တွေနဲ့ ပြည့်စုံတဲ့လူဟာ
အနှေးနဲ့အမြန် အောင်မြင်ကြီးပွားမယ့်သူ
ဖြစ်မှာ သေချာတယ်။
မယုံမရှိနဲ့သမီး... ကိုယ်တွေ့။

ဖေဖေ



**သမီး...**

ဒီနေ့ ပြင်ဦးလွင်က ဆရာဝန်ကြီး
နာဂဦးသိန်းလှိုင်နဲ့ တွေ့ဆုံစကားပြောခွင့်ရတယ်။
ဆရာဝန်ကြီးက ခွဲစိတ်ကုသတဲ့နေရာမှာ
အလွန်ကျွမ်းကျင်တယ်လို့ နာမည်ကြီးတယ်။
အထူးသဖြင့် လည်ပင်းကြီးရောဂါသည်တွေကို
ခွဲစိတ်ကုသတဲ့နေရာမှာ နာမည်ကျော်ပဲ။
ဆရာဝန်ကြီးနဲ့ စကားပြောဆိုကြရင်း
သူပြောတဲ့စကားအချို့ကို ကြိုက်လွန်းလို့
သမီးလေးကို ပြန်ပြောပြချင်တယ်။
မျှော် (၄)မျှော်ကိုရှောင်
အိုတောင်မဆင်းရဲဘူးတဲ့။
**လာနိုးနိုး မျှော်ရတာ၊ ကျွေးနိုးနိုး မျှော်ရတာ၊**
**ပေးနိုးနိုး မျှော်ရတာ၊ ရနိုးနိုး မျှော်ရတာ**
**စိတ်ဆင်းရဲ ပင်ပန်းစေသတဲ့။**
ဆရာဝန်ကြီးပြောတာ ပြန်စဉ်းစားကြည့်ရင်
တကယ်မှန်တာပဲ သမီး။
ဒါ့ကြောင့်... စိတ်ဆင်းရဲပင်ပန်းစေတဲ့
မျှော် (၄)မျှော်ကို သမီးလေး မလုပ်မိပါစေနဲ့။
မျှော် (၄)မျှော်နဲ့ ကင်းဝေးတဲ့
သမီးအလိမ္မာလေးဖြစ်ပါစေကွယ်။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ် စာပေဟောပြောပွဲခရီးတွေကို ဖေဖေ အတော်လေးသွားဖြစ်ခဲ့တယ်။ (၁၆)ပွဲလောက် ဟောပြောခဲ့ရတယ်။

အကြောင်းမညီညွတ်လို့ (၄)ပွဲ ငြင်းခဲ့ရတယ်။ အတူတွဲ ဟောပြောခဲ့ရတဲ့ စာရေးဆရာတွေကတော့... လယ်တွင်းသားစောချစ်၊ ချစ်နိုင် (စိတ်ပညာ)၊ ရွှေစွန်ညို၊ ဒေါက်တာခင်မောင်ညို၊ ဒါရိုက်တာ မောင်ဝဏ္ဏ၊ အကယ်ဒမီကြည်စိုးထွန်း၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ နွမ်ဂျာသိုင်း၊ ဆရာမိုး (Follow Me)၊ ဆရာမ သန်းမြင့်အောင်၊ ယဉ်မင်းဦး(ဆေးတက္ကသိုလ်) တို့ပဲ ဖြစ်တယ်။ ပွဲဦးထွက်ဟောပြောခဲ့ရတဲ့ မြို့ကတော့ အောင်လံမြို့ပဲ။ အဲ့ဒီကတစ်ဆင့် သရက်မြို့၊ နောက်တစ်နေ့ ပြလို့ကျေးရွာ၊ အောင်လံ အ-ထ-က (၁)၊ အောင်လံ အ-ထ-က (၂)၊ စုစုပေါင်း (၄)ပွဲ။

**ကိုယ့်စာဖတ်ပရိသတ်တွေနဲ့လည်း တွေ့ရတယ်။ ကိုယ့်ရင်ထဲ ရှိတာတွေကိုလည်း ပြောခဲ့ရတယ်။ အတူတွဲသွားခဲ့ရတဲ့ သူတွေနဲ့လည်း ချစ်ခင်ရင်းနှီးခဲ့တယ်။ အစစအရာရာ လိုလေသေးမရှိပြုစုဂရုစိုက်ခဲ့တဲ့ အောင်လံမြို့က စီစဉ်သူတွေအားလုံးကို ကျေးဇူးတင်တယ်။**

စည်ကားသိုက်မြိုက်တဲ့ အောင်လံမြို့လိုပွဲမျိုးကို ဒီတစ်သက်မေ့ရက်စရာမရှိတော့ပါဘူး သမီးရယ်။

ဖေဖေ



**သမီး...**

**ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည်နေချင်ရင်**
**တစ်နာရီကို ရေတစ်ခွက်**
**မှန်မှန်သောက်ပေးပါ။**

ရေသောက်ခြင်းဟာ အူလမ်းကြောင်းကို
သန့်ရှင်းအောင်ဆေးပေးတာနဲ့ တူတယ်။
ရေနဲ့ ခဏခဏဆေးပေးနေရင် အူလမ်းကြောင်း
အမြဲသန့်ရှင်းနေတာမို့ အူလမ်းကြောင်းမှာ
ဖြစ်နိုင်တဲ့ရောဂါတွေ မဖြစ်နိုင်တော့ဘူးပေါ့။
ပြီးတော့... ရေများများသောက်တော့
ဆီးများများသွားပြီး ကျောက်ကပ်ကို
ဆေးကြောပြီးသားဖြစ်ရော။
ကျောက်ကပ်မှာဖြစ်တတ်တဲ့ ရောဂါတွေလည်း
မဖြစ်နိုင်တော့ဘူးပေါ့။
အချိန်မအားလို့ အလုပ်များလို့
တစ်နာရီရေတစ်ခွက် မှန်မှန်မသောက်နိုင်ခဲ့ရင်
သတိရတိုင်း ရေသောက်ပေးပါ။
ဖေဖေ့စကား လေးစားလိုက်နာပြီး
မကြာခဏရေသောက်မယ်ဆိုရင် သမီးအတွက်
အကျိုးရှိမှာ သေချာတယ်။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

၂၀၀၅ မတ်လတုန်းက
ဖေဖေ မလေးရှားကို အလည်သွားခဲ့တယ်။
ဖေဖေရဲ့ နိုင်ငံခြားပြန်ပုရွက်ဆိတ်
ပင်ကိုရေးဝတ္ထုရှည် ဇာတ်သိမ်းအတွက်
သီချင်တာလေးတွေ သွားရှာတာ။
မြန်မာစားသောက်ဆိုင်၊ စာအုပ်ဆိုင်တွေကို
ရောက်ခဲ့တယ်။ မြန်မာလူငယ်လေးတွေနဲ့လည်း
စကားပြောခဲ့တယ်။ အဆင်ပြေနေတဲ့သူတွေနဲ့
တွေ့ခဲ့ရသလို အဆင်မပြေတဲ့သူတွေနဲ့လည်း
တွေ့ခဲ့တယ်။
နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်ရင်
အဆင်ပြေပြေနဲ့ ငွေအများကြီးရတယ်လို့
လူတိုင်းကို စွတ်အထင်ကြီးလို့ မရတော့ဘူး။
ရောက်မှတော့... မထူးတော့ဘူးဆိုပြီး
ကြုံရာကျပန်းလုပ်၊ ရှန်းကန်နေကြရသူတွေ
ဖေဖေကြုံခဲ့ ကြားခဲ့ရတယ်။
**ဒါကြောင့်... အတတ်ပညာလည်း မရှိ၊**
**ဘာသာစကားလည်း မတတ်ကျွမ်း၊**
**ငွေလည်းမရှိဘဲ အိမ်ပေါင်ပြီး**
**သွားမယ်ဆိုရင်တော့ စဉ်းစဉ်းစားစားလေး**
**လုပ်သင့်တယ်လို့ ထင်တယ်။**
**စေတနာနဲ့ပါ သမီးရယ်။**

**ဖေဖေ**



**သမီး...**

ဘာအကြောင်းအရာနဲ့ပဲဖြစ်ဖြစ်
အမှန်တရားမှန်သမျှ တန်ဖိုးရှိတယ်။
အမှန်တရားကို လေးစားတန်ဖိုးထားရမယ်။
အမှန်တရားကို စူးစမ်းရှာဖွေတဲ့အခါမှာ
အချုပ်အချယ် အစွဲအလမ်းကင်းတဲ့
လွတ်လပ်တဲ့စိတ်ရှိရမယ်။
အရာရာကို မျှမျှတတချင့်ချိန်စဉ်းစားပြီး
သဘောထားကြီးရမယ်။
ဝေဖန်ပိုင်းခြား စိစစ်တဲ့စိတ် ရှိရမယ်။
ဒါမှ အမှန်တရားကို တွေ့နိုင်မယ်။
ကိုယ်ပြောတာမှ အဟုတ်၊
ကိုယ်လုပ်တာမှ အမှန်ဆိုပြီး
တစ်ယူသန်အစွဲရှိနေရင်တော့
အမှန်တရားနဲ့ ဝေးမှာသေချာတယ်။
**ဘာကိစ္စမဆို အမှန်ကိုမြင်ပြီး**
**အမှားကိုပြုပြင်နိုင်စွမ်းရှိတဲ့**
**လူတော်တစ်ယောက်**
**သမီးလေးကို ဖြစ်စေချင်တယ်။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

Success is never blamed.
အောင်မြင်မှုသည် ဘယ်တော့မှ
အပြစ်တင်မခံရ... တဲ့။
ကိုယ်လုပ်လို့ မအောင်မြင်ရင်တော့
အပြစ်တင်ခံရမှာ သေချာတယ်။
**ဒီတော့... အပြစ်တင်မခံချင်ရင်**
**ဘာကိစ္စပဲဖြစ်ဖြစ် အောင်မြင်တဲ့အထိ**
**ဇွဲရှိရှိနဲ့ လုပ်။**
လမ်းတစ်ဝက်မှာ စိတ်ပျက် အရှုံးပေး
ထွက်ပြေးတာမျိုး မလုပ်နဲ့။

**ဖေဖေ**



သမီး...

လက္ခဏာ ဗေဒင်ဟောပြောသူ
ဆရာစံ-ဓာဏီဘိုနဲ့ ဖေဖေတို့
ရွှေတောင်မှာ ဒုလ္လဘရဟန်းဝတ်ကြတာ
သမီးမှတ်မိသေးလား။
သမီးတောင် ယောဂီဝတ်ပြီး
ဥပုသ်စောင့်ခဲ့သေးတယ်လေ။
အဲ့ဒီအချိန်တုန်းက
ဆရာစံ-ဓာဏီဘိုပြောတဲ့ စကားတစ်ခွန်း
ဖေဖေကြိုက်လွန်းလို့ မှတ်သားထားမိတယ်။
သမီးကော မသိချင်ဘူးလား။
**'ကျွန်တော်ကတော့ စကားများများမပြောဘူး၊**
**ပြောသမျှစကား ပိုက်ဆံဖြစ်ရမယ်... တဲ့'။**
ဆရာက ပညာရှိစကားပြောလိုက်တာ။
အပိုစကားတွေ မပြောဘူး။
အဖိုးထိုက်တန်တဲ့စကားတွေပဲ ပြောမယ်လို့
ဆိုလိုချင်တာ သမီးရဲ့။
အတင်းအဖျင်းစကားတွေကို
အာဘောင်အာရင်းသန်သန် ပြောဆိုနေမိတဲ့အခါ
ဆရာစံ-ဓာဏီဘိုရဲ့ စကားကို
အမှတ်ရလိုက်နော်။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

ဖေဖေ့ရဲ့ ဘယ်လက်တစ်ဖက်ဟာ
ညဘက် ဖိအိပ်မိတာကြောင့်
သွေးကြောလေကြောဆိုင်းပြီး
ထုံကျင်ကိုက်ခဲမှုဒဏ် ခံခဲ့ရတယ်။
လအတန်ကြာပြီပေါ့။
ဆေးမျိုးစုံသောက်၊ လိမ်းပြီးပြီ။
ခုထက်ထိ ရောဂါမပျောက်သေးဘူး။
အကြောပြင်ဆရာနဲ့ ကုသခံခဲ့ပြီးပြီ
တရုတ်ဆရာကောင်းတယ်ဆိုလို့ သွားပြပြီးပြီ။
အကြောင်းမထူး တပေါင်း တန်ခူးပါပဲ။
ကိုယ်ကိုယ်တိုင်ရောဂါခံစားရတော့မှ
**ကျန်းမာခြင်းဟာ**
**လာဘ်တစ်ပါးဖြစ်တယ်ဆိုတာ**
**ကိုယ်တွေ့ကြုံလို့ ယုံခဲ့ရပြီ။**
**ရောဂါဖြစ်ရင် ကိုယ်ဖြစ်ကိုယ်ခံပဲ။**
**သူများ အစားဝင်ခံပေးလို့မရဘူး။**
**ဝေဒနာခံစားရပြီဆိုတာနဲ့**
**စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရတယ်။**
ဒါ့ကြောင့်...
သမီးလေးကို ကျန်းမာရေး ဂရုစိုက်ပါလို့
ဖေဖေ တဖွဖွပြောနေတာပေါ့။
ဖေဖေ့လိုဖြစ်မှာ စိုးလို့လေ။

**ဖေဖေ**



**သမီး...**

ရင့်ကျက်ပြည့်ဝတဲ့ လူတစ်ယောက်ဟာ
လူကို လူလို မြင်တတ်ရသတဲ့။
လူတွေကိုလွှမ်းခြုံထားတဲ့ ရာထူးဂုဏ်ရှိန်၊
စည်းစိမ်ဥစ္စာ ပညာအရည်အချင်းတွေကြောင့်
လူကို လူလိုမမြင်နိုင်သလို
ဆင်းရဲမွဲချာ လူ့ဗာလတွေနဲ့
နူနာဝဲစား၊ သူတောင်းစားတွေကိုလည်း
သူတို့ရဲ့အရှိန်အဝါ မှေးမှိန်နေမှုကြောင့်
လူကို လူလိုမမြင်နိုင်ရှာဘူး။
**လူကို လူလို မမြင်တတ်သရွေ့တော့**
**ရင့်ကျက်ပြည့်ဝတဲ့သူ ဘယ်တော့မှ**
**ဖြစ်လာမှာ မဟုတ်ဘူး။**
လူကို လူလို မြင်တတ်အောင်
ဖေဖေလည်း ကြိုးစားလေ့ကျင့်နေတုန်းပါပဲ။
သမီးလေးလည်း
ဖေဖေလို ကြိုးစားကြည့်ပါလား။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

**အချိန်ဆိုတာ**
**ဆိုင်တင်ရောင်းတဲ့ပစ္စည်း မဟုတ်လို့**
**ဝယ်လို့ မရဘူးနော်။**
အချိန်ဆိုတာ...
ကုန်ဆုံးသွားပြီးရင်
အစားပြန်ရတာမျိုးမဟုတ်တဲ့အတွက်
မဖြုန်းတီးမိဖို့ လိုတယ်။
အချိန်ဆိုတာ...
ဘုရားသခင်ရဲ့ လက်ဆောင်မွန်ဖြစ်လို့
တန်ဖိုးထား အသုံးချတတ်ရမယ်။
အချိန်ဆိုတာ...
အဖိုးတန်မှန်း သိပေမယ့်
ဘယ်လိုသုံးရကောင်းမှန်း မသိလို့
အလဟဿ ကုန်ဆုံးသွားခဲ့ရင်
အရမ်းနှမြောစရာကောင်းတဲ့ အရာပေါ့။
အချိန်အကြောင်းကို သမီးလေး
ကောင်းကောင်းသိပါစေ။

**ဖေဖေ**



**သမီး...**

ပညာရပ်တစ်ခုခုကို ကျွမ်းကျွမ်းကျင်ကျင်
တတ်ချင်ရင် အချက် ၄ ချက်ကို သမီးသိရမယ်။
**ပထမ တစ်ချက်က...**
**အဲဒီပညာရပ်နဲ့ဆိုင်တဲ့စာအုပ်တွေကို**
**များများရှာ များများဖတ်ရမယ်။**
**ဒုတိယအချက်က...**
**ဖတ်ပြီးသမျှ မှတ်ထားရမယ်။**
**(နောက်တစ်ကြိမ်စာအုပ်ပြန်မလှန်ရအောင်လို့ပေါ့)**
**တတိယအချက်က...**
**မှတ်ထားသမျှကိုလည်း မေ့မသွားအောင်**
**တစ်ယောက်ယောက်ကို ပြန်ပြောပြရမယ်။**
**စတုတ္ထအချက်က...**
**ပြန်ပြောသမျှကို စာအုပ်တစ်အုပ်နဲ့**
**အသေအချာရေးသား ပြုစုထားရမယ်။**
အခွင့်အခါသင့်လို့ အခြေအနေပေးရင်
ဂျာနယ်၊ မဂ္ဂဇင်းတွေပို့၊ စာအုပ်ထုတ်ပြီး
ကိုယ်သိသမျှ တတ်သမျှကို ဝေငှဖြန့်ဖြူး
ပေးရမယ်။ ဖေဖေပြောတဲ့အတိုင်း လုပ်နိုင်ရင်
သမီးဝါသနာပါတဲ့ ပညာရပ်မှာ တတ်မြောက်
ကျွမ်းကျင်သူ ပညာရှင်ဖြစ်မှာ သေချာတယ်။
ကြိုးစားပြီး လုပ်ကြည့်နော်။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

ရယ်စရာတစ်ခု ပြောရဦးမယ်။
သန်းကြွယ်သူဌေး ကတော်နှစ်ဦး ထိုင်ပြီး
ကြွားလုံးထုတ်နေကြသတဲ့။
တစ်ဦးကစပြီး ကြွားတယ်။
'ငါတို့က နပိုလီယံအိပ်ခဲ့တဲ့
ခုတင်ကိုဝယ်ထားတာ'။
တကယ်တော့ နပိုလီယံအိပ်ခဲ့တဲ့ ခုတင်ဟာ
လေလံတင်ရောင်းတာမို့ ဈေးအတော်ကြီးတယ်။
တော်ရုံသန်းကြွယ်သူဌေး မဝယ်နိုင်ဘူး။
ဒီတော့...
ကျန်တစ်ယောက်က အနိုင်မခံ အရှုံးမပေးဘဲ
ပြန်ပြောလိုက်သတဲ့။
'အိုး... ရှင်တို့က ခုတင်အဟောင်းကြီး
ဝယ်သုံးကြတာကိုး... တဲ့'။
ရယ်ရသလားတော့ မသိဘူး။
**စဉ်းစားကြည့်ရင်တော့**
**လူ့သဘော လူ့မနောတွေသိမြင်ပြီး**
**ရယ်ချင်ပက်ကျိဖြစ်လာလိမ့်မယ် ထင်တယ်။**

မေမေ



သမီး...

**စီးပွားရှာဖွေလို့ မရနိုင်တဲ့ အရပ်၊**
**ပညာရှိ ပညာတတ်တွေမရှိတဲ့ အရပ်၊**
**အုပ်ချုပ်သူကင်းမဲ့နေတဲ့ အရပ်၊**
**ဆေးဆရာမရှိတဲ့ အရပ်မှာ**
**တစ်နေ့တစ်ရက်တောင် မနေသင့်ဘူးလို့**
**လောကနီတိမှာ ဆိုထားတယ်။**
အဲ့ဒီလို အရပ်ဒေသမျိုးမှာ
ကိုယ်ရောက်နေတယ်ဆိုရင်
အမြန်ဆုံးစွန့်ခွာနိုင်အောင် ကြိုးစားပြီး
ပိုမိုကောင်းမွန်တဲ့ အရပ်ဒေသကို
စွန့်စားပြောင်းရွှေ့ နေထိုင်သင့်တယ်။
တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့
ရှေးစကားပုံရှိတာ သမီး အသိပဲလေ။
ဒါပေမဲ့...
နေရာဟောင်းကို စွန့်ခွာ
နေရာသစ်ကို ပြောင်းရွှေ့ဖို့ဆိုတာ
လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။
စွန့်စားရဲတဲ့သတ္တိနဲ့ ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှုအပြည့်ရှိဖို့ လိုတယ်။

မေမေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

Happy men shall have many
friends.
**ပျော်ရွှင်စွာ နေတတ်သူများသည်**
**မိတ်ဆွေပေါများ၏... တဲ့။**
ဘယ်နေရာမှာပဲဖြစ်ဖြစ်
ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနဲ့
ဟာသပြောတတ်တဲ့သူတွေမှာ မိတ်ဆွေပေါပြီး
ချစ်ခင်သူ များသတဲ့။
အဲ့ဒီလိုလူမျိုးကို သမီးအတုယူပြီး
ချစ်ခင်သူ များပါစေ။





**သမီး...**

ဖေဖေ့မိတ်ဆွေ ဒေါက်တာခင်မောင်ညို
ပြောပြောနေတဲ့ စကားတစ်ခွန်းရှိတယ်။
သူက ဖေဖေ့ရုံးခန်း အလည်လာတဲ့အခါ
ဖေဖေ့ရဲ့ စိတ်ညစ်စရာလေးတွေကို
တွေ့ကြုံသိရှိပြီး ဖေဖေကို ပြောတယ်။
**'ဘဝဆိုတာ ဒီလိုပေါ့ဆရာရယ်' တဲ့။**
**ဖေဖေ့ကို နှစ်သိမ့်တဲ့အနေနဲ့ ပြောတာပါ။**
**သူ့စကားကြားတော့ ဖေဖေသတိပြန်ဝင်တယ်။**
**ဘဝဆိုတာ...**
**အမြဲတမ်း ဘယ်အဆင်ပြေပါ့မလဲ ဆိုပြီး**
**ဆင်ခြင်သုံးသပ်မိတော့ စိတ်ဖြေနိုင်ခဲ့တယ်။**
လူလည်း ပေါ့ပါးလွတ်လပ်သွားတယ်။
သမီးလေးလည်း စိတ်ညစ်စရာကြုံတဲ့အခါ
'ဘဝဆိုတာ ဒီလိုပေါ့သမီးရယ်' ဆိုတဲ့
ဖေဖေ့စကားသံလေးကို
အမှတ်ရလိုက်ပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



သမီး...

သူများလက်ထဲရှိတဲ့ ဥစ္စာ၊
စာရွက်ပေါ်မှာရှိတဲ့ ပညာ
ကိုယ့်ဟာ မဟုတ်ဘူးနော်။
**အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့**
**အတတ်ပညာတစ်ခုခုကို**
**အသေအချာတတ်အောင် သင်၊**
**ကျွမ်းကျွမ်းကျင်ကျင်ရှိမှ**
**အဲဒါ ကိုယ်ပိုင်ပညာ။**
**ကိုယ်ပိုင်ပညာတတ်မှ**
**ကိုယ်ပိုင်ဥစ္စာကို ဖန်တီးနိုင်တယ်ဆိုတာ**
**အထက်တန်းကျောင်းသူ ဘဝကတည်းက**
**သမီးကို စောစောစီးစီးသိစေချင်တယ်။**
ဒါမှ...
ကြိုတင်ပြင်ဆင်ချိန်ရမှာပေါ့။
ဘာပဲလုပ်လုပ် ကြိုတင်ပြင်ဆင်ထားတာ
မမှားဘူးပေါ့ သမီးရယ်။





သမီး...

ကိုယ်မျှော်မှန်းတဲ့ခရီးကို
မရောက်ရောက်အောင် သွားချင်တယ်ဆိုရင်...
ဖေဖေပြောတဲ့ အချက်တွေကို
အလေးအနက်ထား စဉ်းစားပါ။
**- ကိုယ့်မှာမရှိလျှင်၊ ရှိတဲ့သူနဲ့တွဲပါ။**
**- ကိုယ်မတတ်လျှင်၊ တတ်တဲ့သူနှင့်တွဲပါ။**
**- ကိုယ်မသိသေးလျှင်၊ သိထားသူနှင့်တွဲပါ။**
**- မာနမကြီးသင့်တဲ့အချိန် မာနမကြီးပါနှင့်။**
**- လောဘမကြီးသင့်တဲ့အချိန်**
**လောဘမကြီးပါနှင့်။**
**- ဒေါသမကြီးသင့်တဲ့အချိန်**
**ဒေါသမကြီးပါနှင့်။**



www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

ကွယ်ရာမှာ ကိုယ့်အကြောင်း
မကောင်း ပြောတဲ့သူ၊ သူလိုချင်တာ မရရင်
စိတ်တိုတတ်တဲ့သူ၊ ကိစ္စရှိတော့မှ မျက်နှာချိုသွေး
ပေါင်းတတ်တဲ့သူ၊ အကြောင်းမဲ့ ကိုယ့်ကို
မြှောက်ပင့်ပြောနေတဲ့သူ၊ လူချင်းပေါင်းသင်းပြီး
သံယောဇဉ်ကင်းတဲ့သူ၊ အရေးကြုံတဲ့အခါ
ယုံကြည်လို့ မရနိုင်တဲ့သူ၊ ချွန်တွန်းလုပ်ပြီး
ခေါင်းရှောင်ထွက်သွားတတ်သူ၊
ကိုယ်တော်ကြောင်း တတ်ကြောင်း
ဝါကြွားနေတတ်သူ၊ သူတစ်ဖက်သားကို
အထင်မြင်သေး ဆက်ဆံတတ်သူ၊ သူများ
အပေါ် အပြစ်ပုံချပြီး တစ်ကိုယ်ကောင်းကြံသူ၊
အတ္တမာန်မာနလွှန်ကဲပြီး ဆဲရေးတိုင်းထွာ
နေတတ်သူ၊ ကိုယ်ကျိုးကြည့်ပြီး နေရာတကာ
ကပ်ခွာလုပ်တတ်သူ၊ မကောင်းမှုဒုစရိုက်လုပ်ပြီး
လိမ်ညာစားတတ်သူ။

**ဘယ်သူသေသေ ငတေမာပြီးရောဆိုသူတွေကို**
**ဝေးဝေးကရှောင်ပါ။ မပေါင်းပါနဲ့။ သူတို့နဲ့**
**အလုပ်တွဲမလုပ်ပါနဲ့။**

မကောင်းတတ်လို့
မလွှဲသာပေါင်းသင်း နေရရင်လည်း
ကိုယ်ပေါင်းစိတ်ခွာ သဘောထားပါ။

**ဖေဖေ**



**သမီး...**

လူအတော်များများဟာ
ပါးစပ်က အမှန်တရားကို
ကြိုက်ပါတယ်လို့
လူလယ်ခေါင်မှာ ပြောတတ်ကြပေမယ့်
သူတို့ကို အမှန်အတိုင်းပြောရင်တော့...
ဒေါသထွက် စိတ်ဆိုးတတ်ကြတယ်။

**ဒါ့ကြောင့်...**
**အမှန်တရားကို ပြောတော့မယ်ကြရင်**
**ချင့်ချိန်စဉ်းစားပြီးမှ ပြော။**
**ပြောသင့် ပြောထိုက်တဲ့အချိန်ကျမှ ပြော။**
**ပြောသင့်ပြောထိုက်တဲ့သူကို ရွေးပြော။**

သမီးလေး... အပြောအဆိုမှားမှာ စိုးလို့ပါ။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

ဘာမဆို ဆတ်ဆတ်ထိမခံ
တုံ့ပြန်ရန်လုပ်တတ်တဲ့သူဟာ
သူ့ဘက်က ဘယ်လောက်ပဲမှန်မှန်
အော့ကြောလန်ဖြစ်တတ်တယ်။
တကယ်တော့...
သည်းမခံတတ်သူရဲ့ အနာဂတ်ဟာ
ဘယ်မှာလာ အဆင်ပြေမလဲလေ။
နေရာတကာ ငါ မှန်တယ်ဆိုပြီး
ဆတ်ဆတ်ထိမခံ
အော့ကြောလန် မဖြစ်စေနဲ့နော်။
မှားတတ်တယ်။
ဘဝကို ထိခိုက်ပျက်စီးနိုင်တဲ့အထိ
မှားတတ်တယ်။

ဖေဖေ



သမီး...

တစ်ယောက်နဲ့ တစ်ယောက်
နှစ်ကာလများစွာ
ချစ်ခင်စွဲလမ်းခဲ့တဲ့ သံယောဇဉ်ကို
စတီးဓားနဲ့ခုတ်ဖြတ်လို့ မပြတ်နိုင်ပေမယ့်
ရှူးရှထက်မြက် ထိမိုက်နာကျင်စေတဲ့
စကားလုံးဓားတွေနဲ့ ခုတ်ဖြတ်ခဲ့ရင်
အပိုင်းပိုင်း ပြတ်သွားစေနိုင်တယ်ဆိုတာ
သမီးလေးကို သိစေချင်တယ်။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

တစ်ခါတလေ စိတ်ညစ်စရာကြုံလို့
ဖေဖေ့မိတ်ဆွေ ဆရာမိုး (Follow Me)ကို
ပြောပြတိုင်ပင်တဲ့အခါ သူပြန်ပြောတဲ့စကားက
မှတ်သားစရာကောင်းလို့ သမီးလေးကို
ပြောပြရဦးမယ်။
**'ကြုပ်ကျက်လိ' တာပေါ့ ဆရာရယ်။**
**ပြီးတော့လည်း ပြီးသွားမှာပေါ့... တဲ့။**
ကြုပ်ကျက်လိဆိုတာ
ကြည့်ကျက်လုပ်လို့ ပြောတာ။
ဖြစ်နေတဲ့အခြေအနေပေါ်
ကြည့်ကျက်လုပ်ကြမယ်။
ပြီးတော့လည်း... ပြီးသွားမှာပါလို့
ဖြေသိမ့်တဲ့စကား သူပြောတဲ့အခါ
ဖေဖေလည်း အသိတရားဝင်ပြီး
စိတ်ညစ်ပြေသွားတယ်။
သူပြောသလို ဘာကိစ္စပဲဖြစ်ဖြစ်
အချိန်တန်တော့ ပြီးသွားမှာပါပဲ။
မပြီးခင်လေးမှာ အခြေအနေပေါ်မူတည်ပြီး
ကြည့်ကျက်လုပ်သွားဖို့ပဲ လိုတယ်။
သမီးလေးလည်း စိတ်ညစ်စရာကြုံတဲ့အခါ
ဆရာမိုးစကားကို အမှတ်ရလိုက်နော်။

**ဖေဖေ**



**သမီး...**

All are not thieves that dogs bark at.
**ခွေးဟောင်ခံရသူတိုင်း သူခိုးမဟုတ်ကြ။**
**အဲဒီစကားမှန်တယ်... သမီး။**
တချို့ခွေးတွေက
အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့
သူတို့နား ဖြတ်သွားတဲ့သူကို
အတင်းလိုက်ဟောင်ကြတယ်။
လူဆိုး သူခိုး ထင်လို့ နေမှာပေါ့။
တကယ်တော့...
သူတို့ဟာ သူခိုးမဟုတ်ကြပါဘူး။
ပလတ်စတစ်ကောက်တဲ့သူတွေပါ။
အဝတ်အစားပေါ်မူတည်ပြီး
ခွေးက မှားဟောင်ချင်ဟောင်ပါစေ။
ဖေဖေတို့ သမီးတို့လို လူတွေက
အဝတ်အစားပေါ်အကဲခတ်ပြီး
သံသယဝင် အထင်မှားတာမျိုးတော့
မကောင်းဘူးပေါ့... နော်။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

**ထောင်တာ မကောင်းဘူး လဲတတ်တယ်။**
ပညာ၊ ဥစ္စာ၊ မျိုးရိုးဂုဏ်တွေကြောင့်
မာနတွေ၊ အတ္တတွေ တဝေဝေနဲ့
လက်မထောင်နေမယ်ဆိုရင်
တစ်ဦးမဟုတ်တစ်ဦးက အမြင်ကတ်ပြီး
ကြည့်မရလို့ မလဲ လဲအောင်
ချိုးနှိမ်ပစ်တတ်တယ်။
လူ့လောက သဘာဝအရလည်း
ထောင်လွန်းရင် လဲတတ်တယ်လေ။
သမီးလေး စဉ်းစားကြည့်ပေါ့။

ဖေဖေ



သမီး...

ကြမ်းတမ်းတာ မကောင်းဘူး။
သိမ်မွေ့တာ ကောင်းတယ်။
စိတ်ကြမ်း ကိုယ်ကြမ်းပြောရင်
စရိုက်ကြမ်းတမ်းတဲ့လူရိုင်း ဖြစ်တတ်တယ်။
**သိမ်မွေ့မှုကို**
**လူတိုင်း လိုလားနှစ်သက်ကြတယ်။**
**အရာရာမှာ သိမ်မွေ့စွာ**
ပြုမူပြောဆိုနေထိုင်တတ်ရင်
**စရိုက်ကောင်းတဲ့ ယဉ်ကျေးသိမ်မွေ့သူဖြစ်မယ်။**
ရိုင်းစိုင်းတဲ့သူဟာ
အဆင့်မြင့်မြင့်ဘဝကို မရဘူး။
မေတ္တာတရားကို ပြုစုပျိုးထောင်
မျှဝေပေးနိုင်သူလည်း မဖြစ်နိုင်ဘူး။
ဒါကြောင့်...
မိန်းကလေးပီပီ
ယဉ်ကျေးသိမ်မွေ့သူ ဖြစ်စေချင်တယ်။
ဖေဖေ့ကိုချစ်ရင်
ဖေဖေဖြစ်စေချင်တာတွေကို
ဖြစ်အောင်ကြိုးစားမှာပဲ မဟုတ်လား။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

**ဆင်ခြေပေးတယ်ဆိုတာ**
**ကိုယ့်တာဝန် ကိုယ်မကျေပွန်တာကို**
**တစ်ဖက်လူက မမြင်အောင်**
**အကြောင်းပြချက်တွေနဲ့**
**ကာကွယ်ပြောဆိုတာမျိုးပေါ့။**
ပေးတဲ့တာဝန်ကို
မလုပ်ချင်တဲ့အခါမျိုးမှာလည်း
ဆင်ခြေဆင်လက်တွေ ပေးတတ်တယ်။
လူညံ့တွေအသုံးပြုတဲ့ ဝေါဟာရတစ်မျိုးပဲ။
လူတော်တွေကတော့
ဘယ်တော့မှ ဆင်ခြေပေးလေ့မရှိဘူး။

**ဖေဖေ**



**သမီး...**

ဇူလိုင်လ (၄)ရက်၊ ဒီကနေ့ နံနက်စောစောမှာ
အမေရိကန်နိုင်ငံက ဖုန်းဝင်လာတယ်။
ဒီကနေ့ကျရောက်တဲ့ ဖေဖေ့မွေးနေ့ကို
Happy Birthday လုပ်တာပါတဲ့။
ဖေဖေ့ စာဖတ်ပရိသတ် တစ်ယောက်ပါတဲ့။
လွန်ခဲ့တဲ့ (၄)နှစ်လောက်တုန်းက
အင်္ဂလိပ်ကဗျာစာအုပ်၊ ဝတ္ထုတိုပေါင်းချုပ်
စာအုပ်တွေ ဖေဖေ့ဆီ လက်ဆောင်ပို့ပေးဖူးပါ
သတဲ့။ ဝမ်းသာလိုက်တာ၊ ကြည်နူးသွားတယ်။
တစ်ခါမှ မမြင်ဘူးတဲ့ စာဖတ်ပရိသတ်တစ်ဦးက
ဖေဖေ့မွေးနေ့ကို အမှတ်တရနှုတ်ခွန်းဆက်တာ
အံ့ဩဝမ်းသာစရာ မဟုတ်လားကွယ်။
ဖေဖေ့သားနဲ့ သမီးတွေတောင်
နှုတ်ခွန်းမဆက်ရသေးခင် ဦးဦးဖျားဖျား
မွေးနေ့မင်္ဂလာ နှုတ်ခွန်းဆက်တဲ့ အဲဒီစာဖတ်
ပရိသတ်ကို ဖေဖေ လေးစားချစ်ခင်သွားတယ်။
ကျေးဇူးလည်း အထူးတင်ပါတယ်။
တစ်ဦးနဲ့တစ်ဦး မမြင်ဘူးကြပေမဲ့
စာပေသံယောဇဉ်နဲ့ ခင်မင်ကြတာ
စိတ်ချမ်းသာစရာ ကောင်းတယ်။
သူစိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေလို့
ပြန်ပြီး ဆုတောင်းပေးနေလျက်ပါကွယ်။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

**လွတ်တဲ့ငါး ကြီးတယ်လို့**
**စိတ်ထဲမှာမထားနဲ့။**
**မိတဲ့ငါးကိုပဲ**
**ချက်ပြုတ်စားတတ်ပါစေ။**

**မေမေ**



**သမီး...**

မနေ့က သူငယ်ချင်း ဦးအောင်ဖြိုးနဲ့
သူဂေါက်ရိုက်တဲ့နောက် လိုက်သွားမိတယ်။
ပြင်ဦးလွင်မှာ မေမေစာရေးနေတုန်း သူ့အဖွဲ့
တွေနဲ့ မန္တလေးကတက်လာပြီး လာခေါ်တော့
မေမေလည်း မငြင်းဘဲလိုက်သွားမိတယ်။
သူကလည်း သူငယ်ချင်းကို ချစ်တဲ့စိတ်နဲ့
ခေါ်တယ်။ မေမေကလည်း သူငယ်ချင်းကို
ချစ်တဲ့စိတ်နဲ့ လိုက်တယ်။
သူတို့က (၁၈)ကျင်းကစားတော့
(၄)နာရီခွဲလောက် ကြာတယ်။ မေမေလည်း
ဂေါက်မရိုက်ဘဲ နောက်က
တကောက်ကောက်လိုက်တယ်။
နောက်ဆုံး (၁၈)ကျင်းမှာ သူတို့ရိုက်တဲ့
ဂေါက်သီးလုံးတွေက တွင်းဝနဲ့ ပွတ်ကာသီကာ
လွဲချော်သွားကြလေတော့...
'ဟင်' ခနဲ 'ဟာ' ခနဲ ဖြစ်ကုန်ကြတယ်။
အဲဒီ့အချိန်မှာ သူငယ်ချင်းက
မေမေ့ဆီလျှောက်လာပြီး
**'ဟင်ခနဲ ဟာခနဲနဲ့ တို့ဘဝတွေ ဒီလိုနဲ့ပဲ**
**ပြီးဆုံးသွားရတာပဲ' လို့ ပြောလိုက်တယ်။**
သူ့စကားဟာ အတွေးပါတယ်နော်။
သမီးစဉ်းစားပြီး တွေးကြည့်ပါဦး။

**မေမေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး…

ဘဝမှာ စွန့်စားမှုလိုတယ်။
ဘာကိုမှ မစွန့်စားရဲလို့
စွန့်စားရကောင်းမှန်းမသိလို့
ကိုယ့်အဝန်းအဝိုင်းထဲမှာပဲ
ငြိမ်ငြိမ်လေးနေတဲ့သူ၊
ရိုးရိုးကုပ်ကုပ်နဲ့ တောခေပုဒ်မှာပဲ နေတဲ့သူဟာ
လောင်းရိပ်မိတဲ့ပန်းပင်တွေနဲ့ တူလိမ့်မယ်။
လောင်းရိပ်မိတဲ့အပင်
ရှင်သန်ဖွံ့ဖြိုးဖို့ ခဲယဉ်းမှာပေါ့ကွယ်။
ဒါပေမဲ့…
အဲဒီလောင်းရိပ်အောက်မှာပဲ
အေးအေးဆေးဆေး နေချင်တာပါလို့
စိတ်ကူးစိတ်သန်းရှိရင်တော့
ဘာမှပြောစရာ မလိုဘူးပေါ့။
ဖေဖေကတော့…
သမီးလေးကို လောင်းရိပ်မိတဲ့ပန်းကလေး
မဖြစ်စေချင်ပါဘူးကွယ်။

ဖေဖေ



သမီး…

ပညာရပ်အမျိုးမျိုးကို
တစ်ပိုင်းတစ်စ လျှောက်သင်ပြီး
ဘာတစ်ခုမှ ဟုတ်တိပတ်တိမတတ်တဲ့သူဟာ
အိပ်မက်မက်ပြီး
ဘာမှပြန်မပြောတတ်တဲ့
ဆွံ့အနေတဲ့သူနဲ့ တူလိမ့်မယ်။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

Advise no man unasked.

**မမေးသောသူကို အကြံမပေးနဲ့။**

**စေတနာက ဝေဒနာဖြစ်တတ်တယ်။**

သူတစ်ပါးက မတောင်းခံဘဲ
အကြံဉာဏ်တွေ အလကားသွားပေးမိလို့
ကျေးဇူးမတင် ဖင်လှန်ပြတာမျိုးကြုံရင်
သမီးလေး မခံစားနိုင်ဘဲ ဖြစ်မှာစိုးလို့ပါ။

မေမေ



သမီး...

**ကိုယ့်အလုပ် ကိုယ်လုပ်**

**သူများကိစ္စ ဝင်မရှုပ်နဲ့။**

နေရာတကာ လူတတ်ကြီးလုပ်
သူများကိစ္စတွေကို ဝင်ပါ
အင်မတန် ဆရာလုပ်ချင်တဲ့
သမီးအလိမ္မာလေးအတွက်
မေတ္တာစာတစ်ပုဒ်ပါကွယ်။

မေမေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

ပန်းအိုးထဲမှာ တင့်တင့်တယ်တယ်နေရတဲ့
နှင်းဆီက မြစ်ချောင်းရေအိုင်ထဲက
ဗေဒါပင်ကို အားကျပြီး
'နင့်လိုပဲ ရေစီးမှာ မျောချင်တယ်' လို့
ပြောတော့
'စိတ်ကူးမယဉ်စမ်းပါနဲ့၊
နင်... ဘဲစာဖြစ်သွားမှာပေါ့' လို့
ပြန်ပြောသတဲ့။
**ဘဝချင်းမတူတာကို မသိတဲ
သူများဘဝကို အားကျပြီး
သူများလို လိုက်လုပ်ရင်
ကိုယ့်ဘဝပျက်ရုံပဲ ရှိမှာပေါ့။**
သူများဘဝကို အားကျပြီး
စိတ်ကူးယဉ်မယ်ကြံရင်
ဗေဒါပင် ပြောတဲ့စကားကို
သတိရလိုက်နော်။

**ဖေဖေ**



**သမီး...**

**လူတွေဟာ အမြင့်တစ်နေရာကိုတက်ဖို့
လှေကားရင်းမှာ စုပြုံတိုးနေကြတယ်။**
ဒါပေမဲ့...
လှေကားပေါ်တက်ဖို့
ကြိုးစားအားထုတ်နေတဲ့သူ ရှားတယ်။
တချို့က ကံအခွင့်အလမ်းကို
စောင့်နေကြတယ်။
တချို့က အချိန်ရွေးနေကြတယ်။
တချို့က ဘယ်လိုတက်ရရင် ကောင်းမလဲဆိုပြီး
ခေါင်းကုတ်စဉ်းစားနေကြတယ်။
တချို့က လှေကားရင်းမှာ
သူငယ်ချင်းတွေ့လို့ ပျော်ပွဲဖွဲ့နေကြတယ်။
တချို့က တစ်ထစ်လောက်တက်ပြီး
လိမ့်ကျမှာကြောက်လို့ ပြန်ဆင်းလာကြတယ်။
အဲဒီလူတွေထဲမှာ လူအနည်းငယ်သာ
ထိပ်ကိုရောက်သွားကြတယ်။
သူတို့က အမြင့်ကိုရောက်ဖို့
စိတ်ဆန္ဒ ပြင်းပြင်းပြပြရှိပြီး လှေကားပေါ်ကို
စွတ်စွတ်ရွပ်ရွပ် တက်ခဲ့ကြလို့ပေါ့။
ဖေဖေ ဘာပြောချင်သလဲ ဆိုတာ
သမီးသိမှာပါ။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

စိတ်လေလို့ စာမကျက်ချင်တဲ့အခါ...
စာတော်ရက်သားနဲ့
ထောက်ပံ့ကျွေးမွေးမယ့်သူ မရှိလို့
ကျောင်းမတက်နိုင်တဲ့သူတွေကို သတိရပါ။
ကိုယ်လိုချင်တာ မဝယ်နိုင်လို့
စိတ်ဆင်းရဲတဲ့အခါ စားစရာမရှိလို့
လမ်းပေါ်မှာ လိုက်တောင်းနေရသူတွေကို
မျက်စိထဲ ပြေးမြင်လိုက်ပါ။
မိဘရှိရက်နဲ့ မိဘမေတ္တာမရဘူးလို့
ခံစားရတဲ့အခါ
မိဘမဲ့လို့ အားကိုးရာမဲ့နေသူတွေကို
စိတ်ထဲမှာတွေးကြည့်ပြီး သတိရလိုက်ပါ။
ကိုယ်ဖြစ်ချင်တာ မဖြစ်ရလို့
ဝမ်းနည်းနေတဲ့အခါ ဖြစ်ချင်တာ
ဖြစ်ခွင့်ရရင်ကော...
တကယ်ပဲ အောင်မြင်ပျော်ရွှင်မှာလားလို့
ကိုယ့်ကိုယ်ကိုယ် အသေအချာ ပြန်မေးကြည့်ပါ။
ဒီစာပိုဒ်လေး ဖတ်မိရင်...
သမီးလေးအတွက် ဆင်ခြင်စဉ်းစားစရာတွေရပြီး
ကိုယ့်ဘဝကိုယ်
ကျေနပ်နှစ်သိမ့်နိုင်မယ် ထင်ပါရဲ့။





သမီး...

ငွေဟာ တန်ခိုးရှိတယ်။
လူတစ်ယောက်ရဲ့ စိတ်သဘောထားကို
ငွေနဲ့ ချက်ချင်းပြောင်းလဲပစ်နိုင်တယ်။
လူတစ်ယောက်ရဲ့ နိမ့်ကျနေတဲ့ဘဝကို
ငွေနဲ့ ချက်ချင်းမြှင့်တင်ပေးနိုင်တယ်။
ဆင်းရဲမွဲတေလို့ သေအံ့ဆဲဆဲလူကို
ငွေနဲ့ အသက်ကယ်နိုင်တယ်။
အလှူကြီး အတန်းကြီးပေးပြီး
လူများစွာကို စိတ်ကြည်နူးအောင်
ငွေက ဖန်တီးပေးနိုင်တယ်။
အဲဒီလို တန်ခိုးရှိတဲ့ငွေ
သမီးလက်ထဲမှာရှိနေရင် မကောင်းဘူးလား။
လိုချင်စိတ်ပြင်းပြရင် ဘာမဆိုရပါတယ်။
ဒါပေမဲ့...
တန်ခိုးရှိတဲ့ငွေကို မလျော်ကန်တဲ့နည်းနဲ့
ရအောင်လုပ်ရင် ကိုယ့်ကို
ပြန်ဒုက္ခပေးတတ်တယ်ဆိုတာ မမေ့နဲ့။



www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

ဖေဖေ့ဆီကို စာတွေလာတယ်။
ဖေဖေ့လို အောင်မြင်တဲ့စာရေးဆရာ
ဖြစ်ချင်တယ်။ ဘယ်လိုကြိုးစားရမလဲတဲ့...။
ဒီတော့...
ဖေဖေက ပြန်အားပေးလိုက်တယ်။
(၈)တန်းကျောင်းသား ဘ၀ကတည်းက
စာရေးဆရာဖြစ်ရမယ်ဆိုပြီး ကြိုးစားခဲ့တာ
အသက် (၄၅)နှစ်အရွယ်ရောက်မှ
စာရေးဆရာ အခေါ်ခံနိုင်တဲ့အဆင့်
ရောက်တယ်။
နှစ်ပေါင်း (၃၀)နီးပါး ကြိုးစားခဲ့ရတယ်။
ဖေဖေ့လိုဖြစ်ချင်ရင် ဖေဖေ့လို ကြိုးစားပါ။
စာရေးဆရာဖြစ်ချင်စိတ်ကို
ခေါင်းထဲ အမြဲထားပြီး စာများများဖတ်၊
စာများများရေးပါ။
မဂ္ဂဇင်း၊ ဂျာနယ်တိုက်တွေကို စာမူတွေပို့ပါ။
အပယ်ခံရတဲ့အခါ စိတ်ဓာတ်မကျဘဲ
တစ်ပုဒ်ပယ်ရင် နှစ်ပုဒ်ပို့ပါ။
ကံကောင်းရင် (၁၀)နှစ်အတွင်း ဖြစ်နိုင်ပါတယ်။
**သမီးတွေအားလုံးကို အောင်မြင်ထင်ရှား**
**ပျော်ရွှင်နေကြတဲ့သူတွေ ဖြစ်ကြစေချင်ပါတယ်။**

**ဖေဖေ**



**သမီး...**

တချို့သစ်ပင်ဟာ
အပင်လည်းကြီးတယ်၊ အသီးလည်း သီးတယ်။
ဒါပေမဲ့...
အသုံးမဝင်တော့ ဘယ်သူမှ အရေးမလုပ်ဘူး။
တချို့သစ်ပင်က
အပင်လည်း ငယ်တယ်၊
အသီးလည်း မသီးသေးဘူး။
ဒါပေမဲ့...
အသုံးဝင်တော့ လူတကာ လိုချင်ကြတယ်။
မြင်သာအောင်ပြောရရင်
သနပ်ခါးပင်ပေါ့ သမီးရယ်။
**လူတကာလိုချင်ပြီး အသုံးဝင်တန်ဖိုးရှိတဲ့**
**သနပ်ခါးပင်လိုမျိုး သမီးကို ဖြစ်စေချင်တယ်။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

Nothing is impossible to one with a will.
**စိတ်ဆန္ဒ ပြင်းပြသူတစ်ယောက်အတွက်**
**မဖြစ်နိုင်သောအရာ ဘာမှမရှိ။**
**ဘာမဆို ဖြစ်နိုင်တယ်။**
ကိုယ်လိုချင်တဲ့အရာကို
အသေအချာသိအောင် ကြိုးစားပြီး
စိတ်ဆန္ဒပြင်းပြင်းပြပြနဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယသာ
ရှိပါစေ ဖြစ်ချင်တာ ဖြစ်ရပါစေမယ်။
ဖေဖေ အာမခံတယ်။
ယုံတယ်မဟုတ်လား... သမီး။

**ဖေဖေ**



**သမီး...**

ပင်လယ်ကို မမြင်ဘူးတဲ့ ဖားသူငယ်ဟာ
သူနေတဲ့ရေအိုင်ကို အကြီးကြီးပဲလို့
ထင်မြင်ယူဆနေသလို
ပညာတွေအများကြီး သင်ယူထားပြီး
ဘွဲ့ဒီဂရီတွေ ပိုင်ဆိုင်ထားသူ တချို့ဟာ
ရေအိုင်ထဲက ဖားသူငယ်လို
အလိုလိုနေရင်း
ပညာမာန် တက်နေတတ်ကြတယ်။
ဒီထဲမှာ သမီးလေး မပါစေနဲ့။
**ကိုယ့်ထက်တော်သူ၊**
**တတ်သူ နေရာတိုင်းမှာ ရှိနေတယ်ဆိုတာ**
**သမီးလေး မမေ့နဲ့နော်။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

သမီးငယ်လေးတစ်ယောက်က ပြောတယ်။
ဖတ်ဖတ်မောအောင် ပြေးလွှားလှုပ်ရှား
ရုန်းကန်နေရလို့ စာဖတ်ချိန်မရဘူးတဲ့။
စာအုပ်လည်း မဝယ်နိုင်ဘူးတဲ့။
ဒါဆို... သူတော့ ဖတ်ဖတ်မောအောင်
အကြာကြီး ပြေးလွှားရုန်းကန်နေရဦးတော့မှာပဲ။
**ဘဝအမောတွေထဲက လွတ်မြောက်နိုင်တဲ့**
**အတွေ့အကြုံ အဖြစ်အပျက်တွေ၊**
**စိတ်ကူးစိတ်သန်း အတွေးအခေါ်တွေ၊**
**နည်းလမ်းတွေ၊ အကြံအစည်တွေ**
**စာအုပ်တွေထဲမှာရှိတယ်ဆိုတာ**
**သူ မသိရှာရှာရော့သလား။**
**သိရက်နဲ့ မေ့လျော့နေတာလား။**
စာအုပ်ထဲက ဘဝအောင်မြင်ရေး
စိတ်ကူး အတွေးအခေါ်
အကြံအစည်တွေကိုယူပြီး
တိုးတက်အောင်မြင် ပျော်ရွှင်ငြိမ်းချမ်းစေတဲ့
ဘဝတစ်ခုကို ဖေဖေ တည်ဆောက်ခဲ့ရတာပါလို့
သူ့ကို ပြောပြချင်လိုက်တာ။

ဖေဖေ



သမီး...

**သူမသိတာတွေ ကိုယ်သိတယ်။**
**ကိုယ်မသိတာတွေ သူသိတယ်။**
**သူနဲ့ကိုယ်နဲ့ ကြုံးညှိမယ်။**
**ကီးကိုက်သွားရင် အဆင်ပြေမယ်။**
**အဆင်ပြေရင် သိပ်ကောင်းတယ်။**
**သီချင်းကောင်းလေးတစ်ပုဒ်ပေါ့ သမီးရယ်။**

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

အမေရိကန်လူမျိုး မာ့ခ်ဟော့ပ်ဟာ
စက္ကန့် (၃၀)အတွင်းမှာ
တီကောင် (၉၄)ကောင်ကို မျိုချပြနိုင်သတဲ့။
အဲဒါကြောင့် သူဟာ
ကမ္ဘာ့စံချိန်မှတ်တမ်းဝင်ပြီး
ထင်ရှားကျော်ကြားသွားခဲ့တယ်။
သူများနိုင်ငံက လူတွေဟာ
ထင်ရှားကျော်ကြားဖို့အတွက်
တီကောင်တောင် အစိမ်းလိုက် မျိုချပြရဲတယ်။
**ကမ္ဘာ့စံချိန် မှတ်တမ်းဝင်မယ်ဆိုရင်**
**ဘာမဆိုလုပ်ရဲတဲ့သတ္တိ ရှိကြတယ်နော်။**
**အဲဒီလိုသတ္တိမျိုး ရှိသင့်သလား။**
**ကိုယ့်ဘာသာကိုယ်**
**စဉ်းစားကြည့်ပေတော့... သမီးရေ။**

ပပပ



**သမီး...**

You can not stop birds flying
overhead. But you can stop them
from nesting in your hair.
**သင့်ခေါင်းပေါ်က ပျံသန်းသွားတဲ့ငှက်တွေကို**
**မပျံသန်းအောင် သင် မလုပ်နိုင်ပါဘူး။**
**ဒါပေမဲ့...**
**သင့်ခေါင်းပေါ်က ဆံပင်ထဲမှာ**
**အသိုက်လာလုပ်မှာကိုတော့**
**သင် တားမြစ်လို့ရပါတယ်။**
ဒီကဗျာလေးကိုဖတ်ပြီး အမျိုးမျိုးတွေးလို့ရတယ်။
ဥပမာတစ်ခုပြပါဆိုရင်တော့...
သင့်အကြောင်း မကောင်းပြောတာတွေတော့
လိုက်ပြီးမတားမြစ်နိုင်ပေမဲ့
ကိုယ့်ကိုတိုက်ရိုက်
လာစော်ကားတာမျိုးကိုတော့
ဟန့်တားလို့ရပါတယ်။
သမီးလည်း ဉာဏ်ရှိသလိုသာ
ဆက်တွေးပေတော့... ။

ပပပ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

**သူများနိုင်ငံကို အလုပ်သွားလုပ်မယ်ဆိုရင်**
**အဲဒီနိုင်ငံသုံးတဲ့ ဘာသာစကားကို**
**တတ်အောင် သင်သင့်တယ်။**
ဖေဖေတို့နိုင်ငံကို အလုပ်လာလုပ်တဲ့
နိုင်ငံခြားသား အတော်များများဟာ
ရောက်တာနဲ့ မြန်မာစာကို စသင်တော့တာပဲ။
မြန်မာနိုင်ငံမှာ မြန်မာစကားတတ်မှ
ဆက်ဆံရေးအဆင်ပြေပြီး အလုပ်ဖြစ်မယ်ဆိုတာ
သူတို့ အသေအချာ သိနားလည်ကြလို့ပေါ့။
ကိုယ်က မပြောတတ်သေးပေမဲ့
သူများကကိုယ့်ကို ဘာပြောတယ်ဆိုတာ
သိနေရင် အနည်းဆုံးတော့
ကိုယ့်ကို လိမ်လို့မရဘူး။
ဒါကြောင့်... သမီးလေး
စင်ကာပူရောက်နေတုန်းမှာ တရုတ်စာနဲ့
မလေးစာကို သတိထားနားထောင်
ပြန်ပြောတတ်အောင် သင်ယူလေ့လာ
အိမ်ကိုလွမ်းတယ်ဆိုပြီး အိပ်ချည်းမနေနဲ့ဦး။
ဖေဖေ့သမီး အိပ်ပုတ်ကြီးတာ ဖေဖေသိတာပေါ့။
နည်းနည်းလေးတော့ လျှော့အိပ်နော်။





**သမီးရေ...**

အံ့သြစရာတစ်ခုပြောရဦးမယ်။
အမေရိကန်သူ ဘော်ဘီမက်ကော့ဟီးက
အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်
တက္ကသိုလ်ဆေးရုံမှာ ခုနစ်မြွှာပူး မွေးသတဲ့။
ကလေးတွေအားလုံး အသက်ရှင်ကြတယ်။
စာအုပ်ထဲမှာ ကလေးတွေရဲ့
ဓာတ်ပုံတောင် ပါသေးတယ်။
ဒီလို အံ့သြစရာတွေကို
မောင်သိန်းလွင် ဘာသာပြန်တဲ့
ကမ္ဘာ့စံချိန်မှတ်တမ်း စာအုပ်ကို
ဖတ်ကြည့်တော့မှပဲ သိရတော့တယ်။
**လောကကြီးမှာ အံ့သြစရာတွေ အများကြီးပဲ။**
**ကိုယ်မသိသေး မကြုံသေးလို့သာ**
**မကြုံဘူး မကြားဘူးတာတွေ**
**စာအုပ်တွေထဲမှာ အများကြီးရှိတယ်... သမီး။**
**စာအုပ်များများ ဖတ်လေလေ**
**များများသိလေပဲ။**
**များများသိချင်ရင် စာများများဖတ်နော်။**



www.burmeseclassic.com

www.burmeseclassic.com



သမီး...

In too much disputing,
truth is lost.
အငြင်းပွားလွန်းလျှင်
အမှန်တရား ပျောက်ဆုံးတတ်၏။
အာမဟုတ်တဲ့ ကိစ္စလေးကို
သူနိုင် ကိုယ်နိုင် အပြိုင်ငြင်းနေကြပြီဆိုလျှင်
ဒီစာပိုဒ်လေး အမှတ်ရနော်။

ဖေဖေ



သမီး...

ဘဝမှာ
ခွဲခြားနားလည်တတ်ဖို့ အရေးကြီးတယ်။
အချစ်နဲ့ဘဝကို ခွဲခြားနားလည်ရမယ်။
အချစ်က အချစ်၊ ဘဝက ဘဝပဲ။
အချစ်ကြောင့် ဘဝပျက်သွားကြတာဟာ
ခွဲခြားနားလည်မှုမရှိလို့။
ထို့အတူပဲ...
စီးပွားရေးနဲ့ လူမှုရေးကို ခွဲခြားနားလည်ရမယ်။
စီးပွားရေးလုပ်တဲ့နေရာမှာ လူမှုရေးအရ
အားနာပြီး အလကားပေးမယ်၊
အကြွေးပေးနေမယ်ဆိုရင်
အရင်းပြုတ်ပြီး လုပ်ငန်းပြုတ်သွားလိမ့်မယ်။
သူ့နေရာနဲ့သူ ခွဲခြားနားလည်တတ်ပါစေ။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

ဖေဖေက စာများများဖတ်ပါလို့သာ ပြောပြီး
ဘာစာအုပ်ဖတ်သင့်သလဲ မပြောဘူး။
သမီးပြောတော့မှ ဖေဖေ့အပြစ်ဖြစ်တော့မယ်။
ကဲ... ဘာစာအုပ် ဖတ်သင့်တယ်ဆိုတာ ဖေဖေ
ပြောမယ်။ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေအကြောင်း
ရေးထားတဲ့စာအုပ်တွေကို မဖြစ်မနေဖတ်ရမယ်။
လူပုဂ္ဂိုလ်အကြောင်း ရေးထားတာမှန်သမျှ
အကုန်ဖတ်။ လူပြော သူပြောများတဲ့စာအုပ်တွေ
ရှာဖတ်။ ကြီးပွားအောင်မြင်ရေးနဲ့ ပတ်သက်တာ
တွေ ဖတ်။ ဘာသာပြန်စာအုပ်တွေကို ရှာဖွေ
ဖတ်။ အထူးသဖြင့် အင်္ဂလိပ်-မြန်မာ
နှစ်ဘာသာတွဲတွေ ဖတ်။
ပြီးတော့... ကိုယ်အသက်မွေးဝမ်းကျောင်း
ပြုမယ့် ဘာသာရပ်ဆိုင်ရာ စာအုပ်တွေဖတ်။
ဖေဖေပြောတာတွေ အကုန်ဖတ်ပြီးရင် သမီး
ဖတ်ချင်တာ ဖတ်ပေတော့။
**တစ်ခုတော့ ပြောထားရဦးမယ်။**
**အဲဒီစာအုပ်တွေ ဖေဖေရှာပေးလို့တော့**
**မပူဆာနဲ့။ ဖေဖေ့မှာ အလုပ်တွေရှုပ်လို့**
**ခေါင်းတောင် မကုတ်အားဘူး။**
**နည်းနည်းလေးတော့ ကိုယ့်အားကိုယ်ကိုးပြီး**
**ရှာဖတ်ပေါ့နော်။ သမီးက လိမ္မာပါတယ်။**

**ဖေဖေ**

BURMESE CLASSIC .com



**သမီး...**

ဒူးရင်းသီးဟာ
အပြင်မှာ ဆူးတွေရှိပေမယ့်
အထဲမှာ ချိုမြတဲ့အရသာရှိတယ်။
ထို့အတူ... သူတော်ကောင်းရဲ့
စိတ်နှလုံးဟာ အပြင်ပန်းမှာ
ဘယ်လို ဆိုးနေပါစေ၊
အတွင်းမှာတော့...
စိတ်ကောင်းစေတနာ အပြည့်ရှိတယ်ဆိုတာ
သမီးလေးကို သိစေချင်ပါတယ်။
**ဒူးရင်းသီးနဲ့တူတဲ့**
**သူတော်ကောင်းကို တွေ့တဲ့အခါ**
**သမီးလေး မသိမှာစိုးလို့ပါ။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

သူ့မှာရှိတာ ကိုယ့်မှာမရှိ၊
ကိုယ့်မှာရှိတာ သူ့မှာမရှိ၊
သူသိတာလည်း ကိုယ်မသိ၊
ကိုယ်သိတာလည်း သူမသိ။
သူမြင်တာ ကိုယ်မမြင်၊
ကိုယ်မြင်တာကိုလည်း သူမမြင်။
သူဟာ ကိုယ်မဟုတ်၊ ကိုယ်ဟာ သူမဟုတ်။
တစ်စုံတစ်ယောက်အပေါ်မှာ
ကိုယ်နဲ့နှိုင်းပြီး
စိတ်တိုင်းမကျလို့ အပြစ်တင်ပြောဆိုမယ်ကြံရင်
ဒီစာပိုဒ်လေး အမှတ်ရလိုက်ပါ။

ဖေဖေ



သမီး...

အဖော်ဆိုတာ
အပျော်ထားဖို့ မဟုတ်ဘူးနော်။
တစ်တဝတာ လက်တွဲဖို့
လူအများကြီးထဲက
တစ်ယောက်ပဲ ရွေးရတာ။
သေဖော်ရှင်ဖက် ဖြစ်ဖို့လိုတယ်။
ရွေးချယ်မှုမှန်ဖို့ အရေးကြီးတယ်။
အလေးအနက်ထား စဉ်းစားပြီး
အချိန်ယူ ဆုံးဖြတ်ပါ။
သေချာပါစေ။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

**သံယောဇဉ်ဆိုတဲ့ကြိုးဟာ**
**ချည်ရလွယ်ပေမဲ့ ဖြေရခက်တယ်နော်။**
**ချည်ချင်တိုင်းချည်လို့ရပေမဲ့**
**ဖြေချင်တိုင်းတော့ ဖြေလို့မရဘူး။**
သံယောဇဉ်ကြိုး မငြိခင်မှာ
သတိလေးနဲ့ဆင်ခြင်
ဘယ်သူ့ကိုမှ အလွယ်တကူ မချစ်ခင်မိစေနဲ့၊
သမီး... သဘောပေါက်ပါတယ်နော်။

ဖေဖေ



သမီး...

ခြင်္သေ့ဟာ အစာငတ်ပေမယ့်
မြက်မစားဘူး။
ဘယ်လောက်ပဲ ဆာဆာ
ဆင်ပိန်သားတော့ မစားဘူး။
**ခြင်္သေ့ဟာ အစားအစာကြောင့်တော့**
**သူ့ရဲ့ ဇာတိမာန်ကို**
**အညွှံ့ခံရိုးထုံးစံမရှိဘူး... တဲ့။**
သမီးလေးမှာ...
သိက္ခာကို ရိက္ခာနဲ့လဲရမယ့်ကိစ္စမျိုး
ကြုံတွေ့ခဲ့ရင် ခြင်္သေ့လို စိတ်ဓာတ်မျိုးထားပါ။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

Young a gambler, old a beggar.
ငယ်ရွယ်စဉ်က လောင်းကစားသမား
ကြီးပြင်းတော့ သူတောင်းစား။
လူငယ်လူရွယ် အချိန်မှာ...
**အလုပ်ကို လက်ကြောတင်းအောင်မလုပ်ဘဲ**
**လောင်းကစားပဲ လုပ်နေမယ်ဆိုရင်**
**အသက်ကြီးလာတဲ့ အချိန်မှာ**
**သူတောင်းစားဖြစ်မှာ သေချာတယ်။**
ဒါကြောင့်...
လောင်းကစားကို အပျင်းပြေဆိုပြီး
အစ မလုပ်မိစေနဲ့။
ဘဝပျက်သွားလိမ့်မယ် သတိထား။

**ဖေဖေ**



**သမီး...**

လွမ်းတယ် သမီးရယ်...
နိုင်ငံရပ်ခြားကို စာသင်သွားတဲ့
သမီးလေးကို ဖေဖေလွမ်းနေတယ်။
အိမ်နဲ့တစ်ခါမှမခွဲဘူးတဲ့ သမီးလေး
သူများတိုင်းပြည်မှာ နေလို့ရရဲ့လား။
ကျောင်းတက်ရတာ အဆင်ပြေရဲ့လား။
ချက်ပြုတ်စားရတာ အဆင်ပြေရဲ့လား။
ကျန်းကျန်းမာမာရှိရဲ့လား။ သွားရလာရ
လုပ်ကိုင်ရလို့ သိပ်များပင်ပန်းနေသလား။
ကိုယ့်ဘာသာ မေးခွန်းတွေအများကြီး
မေးကြည့်နေမိလေရဲ့။
ကိုယ့်အရိပ်အောက်မှာ ရှိနေတုန်းက
လိုလေသေးမရှိ ထားပေးနိုင်ပေမယ့်
အခုတော့...
အလှမ်းကွာ အလွမ်းနာနဲ့ပဲ ဖြေသိမ့်နေရပေါ့။
သူများအဖေတွေလည်း ဒီလိုပဲနေမှာလို့
ကိုယ်ချင်းစာစိတ်နဲ့ တွေးနေမိသေးတယ်။
**မိဘတွေနဲ့ ကွဲကွာခွဲခွာနေရတဲ့**
**သမီးလေးတွေကိုလည်း သမီးလိုပဲ**
**ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်း**
**အဆင်ပြေပြေ ရှိကြပါစေလို့**
**ဖေဖေ ဆုမွန်ကောင်းတောင်းပေးနေပါတယ်။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

ဟာသလေးတစ်ခု ပြောဦးမယ်။
'သူငယ်ချင်း... မင်း ငါ့ဆီက
ချေးထားတဲ့ငွေ (၅၀၀၀) ပြန်ဆပ်ဖို့ပြောနေတာ
နှစ်ကြိမ်ရှိပြီနော်။'
'နှစ်ကြိမ်မကလို့ ဘယ်နှကြိမ်ဖြစ်ဖြစ်
ပြန်မဆပ်နိုင်သေးဘူးကွာ။
ငါ့ကို ပိုက်ဆံချေးပါလို့
မင်းကို အကြိမ်ကြိမ်တောင်းပန်ခဲ့ရတာ
မင်း မှတ်မိသေးတယ်မဟုတ်လား။
မင်းပြောနေတာ အခုမှ နှစ်ကြိမ်ပဲရှိသေးတယ်။'
**ကိုယ်နဲ့ ရင်းနှီးသူတွေကို**
**ပိုက်ဆံအချေးအငှား လုပ်မယ်ကြံရင်**
**ဒီဟာသလေး အမှတ်ရဖို့လိုတယ်။**
ငွေချေးတဲ့သူဟာ သူလိုချင်တဲ့ငွေရအောင်
အကြိမ်ကြိမ် တောင်းပန်ပြောဆိုခဲ့ပေမယ့်
သူပြန်ဆပ်ရမယ့် အချိန်မှာတော့
မမှတ်မိသလို အူတူတူလုပ်နေတတ်တယ်။
တချို့ဆို မာရေကြောရေနဲ့
ပြန်ရန်တွေ့တတ်သေးတယ်။
သမီးလေး... သင်ခန်းစာယူနိုင်အောင်လို့ပါ။

**မေမေ**



သမီး...

လူဆိုတာ ဘယ်လိုသတ္တဝါလဲလို့
သမီး စဉ်းစားကြည့်ဖူးလား။
**လူဆိုတာ လက်ရှိဘဝကို မကျေနပ်ဘူး။**
**နည်းအမျိုးမျိုးနဲ့**
**တိုးတက်ကောင်းမွန်အောင် ကြိုးစားတယ်။**
**စားဝတ်နေရေး လုံးပန်းနေတဲ့သတ္တဝါဖြစ်ပေမဲ့**
**စားဝတ်နေရေး ပြေလည်တော့လည်း**
**မကျေနပ်ပြန်ဘူး။ အသက်ရှင်ရပ်တည်ဖို့**
**ရုန်းကန်နေရပေမဲ့ အသက်ရှင်နေရရုံနဲ့**
**မတင်းတိမ်ပြန်ဘူး။ ဘဝရဲ့အဓိပ္ပာယ်နဲ့**
**ဘဝရဲ့တန်ဖိုး အနှစ်သာရတွေ**
**သိချင်လာပြန်ရော...**
ဒါကြောင့်လည်း
လူနဲ့တိရစ္ဆာန် ကွဲပြားခြားနားသွားတာပေါ့။
တချို့လူကတော့...
ဘာမှမတွေး၊ ဘာမှမသိ၊
ဘာအသိဉာဏ်မှ မရှိလေတော့...
တိရစ္ဆာန်ထက် နည်းနည်းပိုသာတဲ့
လူမည်ကာမတ္တပဲ ဖြစ်ကြတယ်။
သမီးကိုတော့
အဲဒီလိုလူမျိုး မဖြစ်စေချင်ဘူးကွယ်။

**မေမေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

နတ်မြင်းပျံလို့ တင်စားခံရတဲ့
သိန္ဓောမြင်းဟာ မြေပြန့်လွင်ပြင်မှာ
ယှဉ်လို့မရအောင် လေအဟုန်လို
လျှင်မြန်စွာ ပြေးလွှားနိုင်ပေမဲ့
တောင်ပေါ်ကို ဝန်တင်ပြီးတက်နိုင်းရင်တော့
လားတစ်ကောင်လောက်တောင်
အသုံးမကျပါဘူး သမီးရယ်။
သိန္ဓောမြင်းဆိုပြီး
အထင်တွေ စွတ်ကြီးမနေနဲ့ဦးနော်။

ဖေဖေ



သမီး...

ဖေဖေငယ်ငယ်က ရေးခဲ့တဲ့
ကဗျာလေးတစ်ပုဒ် ဖတ်ကြည့်ပါဦး။
ကိုယ်မနှစ်မြို့က်၍ ပစ်လိုက်သည့်ပန်း
ကြိုက်သူနမ်းလေ
ကိုယ် ဝမ်းမနည်းတတ်ပါဘူး။
ဖေဖေဟာ ကိုယ်မကြိုက်လို့
စွန့်ပစ်လိုက်တဲ့ ပန်းအတွက်
ပြန်တမ်းတ ဝမ်းနည်းနေတတ်သူမျိုး
မဟုတ်ဘူးဆိုတာ သမီးကို သိစေချင်လို့ပါ။
သမီးလေးလည်း
အဖေတူသမီး ဖြစ်မယ်ထင်ပါရဲ့။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

ဖေဖေ့သူငယ်ချင်း
စာရေးဆရာ'မိုးသန့်'ရဲ့
အချစ်ငှက်များ ပျံသန်းစေသတည်း စာအုပ်ကို
အမှတ်မထင် ပြန်ဖတ်ကြည့်မိတယ်။
အဲဒီထဲက စာတစ်ပိုဒ်ကို ကြိုက်လွန်းလို့
သမီးလေးအတွက် ရေးပြလိုက်တယ်။
**ပျော်ရွှင်မှုဆိုတာကို ပန်းကန်ပြားပေါ်မှာ**
**တည်ခင်းလို့သာရရင်**
**ကံကြမ္မာဆိုတာ ဟာသဖြစ်သွားလိမ့်မယ်။**
If happiness could be served on a
plate, fate would be a joke.

**ဖေဖေ**



**သမီး...**

**အရိုင်မရွေးဝယ်လို့ရတဲ့ ပစ္စည်းကို**
**အလောတကြီးနဲ့ ဈေးကြီးပေးဝယ်တဲ့သူဟာ**
**ဘယ်လို လူလဲ။**
**လူအ လူနလား၊ စိတ်ရူးပေါက်နေသူလား။**
(၁၅၀၀)အချစ်ဆိုတာ
အချိန်မရွေး ဝယ်လို့ရမှန်းသိရက်နဲ့
အလောတကြီးနဲ့ တန်ဖိုးကြီးကြီး
ပေးဝယ်နေကြတဲ့ သူတွေကော
ဘယ်လို လူတွေလဲ။
သမီး... စဉ်းစားကြည့်။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

ကြောင်ဆိုတဲ့ သတ္တဝါဟာ
ငါးကို အင်မတန်ကြိုက်ပေမဲ့
ခြေထောက်ရေစိုမှာကိုတော့ ကြောက်တယ်။
ငါးရှိတဲ့နေရာကို အာသာငမ်းငမ်းနဲ့
ခြေထောက်ရေစိုစံပြီး သွားမစားဘူး။
ဆိုလိုချင်တာကတော့
အစားတစ်လုတ်အတွက်
ဒုက္ခမခံဘူးဆိုတဲ့ သဘောပေါ့။
သမီး သင်ခန်းစာယူတတ်ပါစေ။



သမီး...

အရက်စွဲနေတဲ့ အရက်သမားကို
အရက်ပေးမတိုက်ဘဲ
အစားကောင်းတွေပဲ ကျွေးနေရင်
ကျေးဇူးတင်မယ်ထင်သလား။
လူဆိုတာ သူလိုချင်တာ မပေးသရွေ့
ကျေးဇူးတင် ကျေနပ်တာမျိုး မဟုတ်ဘူး။
သမီး... သဘောပေါက်။



www.burmeseclassic.com

www.burmeseclassic.com



သမီး...

He is richest that has fewest wants.

**အလိုဆန္ဒ အနည်းဆုံးသူဟာ**
**စိတ်အချမ်းသာဆုံးသူပဲ... တဲ့။**
**ဘယ်လောက်ပဲချမ်းသာ ချမ်းသာ**
**လိုချင်တာတွေ များနေသရွေ့တော့**
**အလိုဆန္ဒမပြည့်လို့ စိတ်ဆင်းရဲနေမှာပဲ။**
အလိုဆန္ဒနည်းနည်းနဲ့
တင်းတိမ်ရောင့်ရဲနိုင်မှသာ
စိတ်ချမ်းသာလိမ့်မယ်လို့ ဖေဖေထင်တယ်။
ကိုယ့်ဘဝကိုယ် တိုးတက်မြင့်မားအောင်
ကြိုးပမ်းအားထုတ်နေရမှာဖြစ်သလို
ကိုယ့်ရဲ့ လက်ရှိအခြေအနေကိုလည်း
ကျေနပ်ရောင့်ရဲနိုင်ဖို့ လိုအပ်တယ်။
သမီးလေးကို စိတ်ချမ်းသာစေချင်လို့ပါကွယ်။

**ဖေဖေ**



သမီး...

လူတိုင်းနဲ့ သင့်မြတ်အောင်
ပေါင်းသင်းဆက်ဆံဖို့ မလွယ်ဘူး။
လူတိုင်းရဲ့ အကြိုက်ကိုဆောင်ပြီး
အဆင်ပြေအောင်နေဖို့က ပိုခက်တယ်။
လူတိုင်းနဲ့ မသင့်မြတ်လို့
စိတ်ဆင်းရဲ ဝမ်းနည်းမနေနဲ့။
လူတိုင်းရဲ့ အကြိုက်ကိုဆောင်ပြီး
အောင်မြင်အောင်လုပ်ဖို့လည်း စိတ်မကူးနဲ့။
ကိုယ်နေတတ်သလို နေ၊
ကိုယ်ပြောတတ်သလို ပြော၊
ကိုယ့်အလုပ် ကိုယ်မှန်မှန်လုပ်။
သူများအလုပ် ဝင်မရှုပ်နဲ့၊
နေရာတကာ ဝင်မပါနဲ့၊
စကားအရောင်းအဝယ် မလုပ်နဲ့။
**ဘာပဲလုပ်လုပ် စေတနာထား။**
**ကိုယ့်ဘဝကိုယ် တိုးတက်အောင်ကြိုးစား။**
ဖေဖေ့စကားအတိုင်း လိုက်နာရင်
ဘယ်နေရာမဆို သမီးနေလို့ရပြီ။

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

နာမည်ကျော်ကြား လူကြိုက်များတဲ့သူ၊
ထင်ရှားအောင်မြင် ကြီးပွားချမ်းသာသူ၊
နိုင်ငံသိ ပညာရှင်ကြီးတစ်ဦး ဖြစ်နေသူတွေဟာ
တစ်သန်းမှာ တစ်ယောက်ဆိုသလို
ရှားပါးတယ်။
အဲဒီလို ရှားပါးတဲ့တစ်ယောက်ဟာ
ကိုယ်ဖြစ်နိုင်တယ်ဆိုတာ
သမီး မမေ့နဲ့နော်။

မေမေ



သမီး...

ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။ တစ်ခါတုန်းက ချစ်ယာန်ဘုရားကျောင်း တစ်ကျောင်းမှာ ဦးပီတာဆိုတဲ့ ကျောင်းစောင့်ကြီးတစ်ဦး ရှိသတဲ့။ သူက စာလုံးဝ မတတ်ဘူး။ နေတာလည်း အတော်ကြာပြီ။ တစ်နေ့ကျ တော့ ဘုန်းတော်ကြီးအသစ် ပြောင်းလာတယ်။ ဘုရား ကျောင်းကိုလည်း ဘာသာရေးစာသင်တဲ့ကျောင်း ဖြစ် အောင် ကြိုးစားတယ်။ စာပေလေ့လာသူတွေ အတွက် သည်း ရှေးဟောင်း စာပေကျမ်းဂန်တွေထားသတဲ့။ အဲဒီအခါမှာ စာမတတ်တဲ့ ကျောင်းစောင့်ကြီးကို စာသင် ခိုင်းတယ်။ ဦးပီတာက စာမသင်ချင်ဘူးလို့ ပြန်ပြောတော့ အလုပ်ထုတ်လိုက်တယ်။ ဦးပီတာလည်း ဝမ်းနည်းစွာနဲ့ ဘုရားကျောင်းက ထွက်လာခဲ့ရတယ်။ လမ်းမှာ ဆေးလိပ် သောက်ချင်လို့ ဆေးလိပ်ဆိုင်ရှာတာ ဘယ်မှာမှ ရှာမရ ဘူး။ ဒါလို ဆေးလိပ်သောက်ချင်တဲ့သူတွေ ဝယ်နိုင်အောင် ဆေးလိပ်ဆိုင်လေးတစ်ဆိုင် ဖွင့်မယ်လို့ သူစဉ်းစားတယ်။ ရှိတဲ့ငွေလေးနဲ့ ချက်ချင်း အကောင်အထည်ဖော်တယ်။ အဆင်ပြေတယ်၊ အောင်မြင်တယ်၊ ကြီးပွားသွားတယ်။ ဘဏ်မှာ ငွေတွေ အပ်ထားရတယ်။ ဘဏ်က စတော့ ရှယ်ယာတွေဝယ်ဖို့ အကြံပေးတယ်။ ကံကောင်းတော့ သူဝယ်တဲ့ရှယ်ယာတွေ ဈေးထိုးတက်ပြီး သူဌေးကြီးဖြစ် သွားသတဲ့။ ဒီပုံပြင်လေးကိုပြောချင်တဲ့ ရည်ရွယ်ချက် ကတော့ စာမတတ်ပေမဲ့လည်း သူဌေးကြီးဖြစ်နိုင်တယ် ဆိုတာပါပဲ။

မေမေ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

တစ်ခါတုန်းက...
သိပ္ပံပညာရှင်ကြီး အိန်းစတိန်းက
သူ့အိမ်က ကြောင်သားအမိ ဝင်နိုင်ထွက်နိုင်ဖို့
လက်သမားဆရာခေါ်ပြီး တံခါးကို
အပေါက်ဖောက်ခိုင်းတယ်။
အပေါက်ကို အကြီးတစ်ပေါက်၊
အသေးတစ်ပေါက် ဖောက်ပေးပါ။
ဒါမှ ကြောင်မကြီးက တစ်ပေါက်
ကြောင်သားလေးက တစ်ပေါက်
ဝင်ထွက်လို့ ရမယ်တဲ့။
လက်သမားဆရာက ပြန်ပြောတယ်။
ကြောင်မကြီးအတွက် အပေါက် ဖောက်ပေးရင်
ရပါပြီ၊ ကြောင်သားလေးဟာ
နောက်က ဝင်လိုက်လို့ရတာပဲတဲ့။
အဲဒီတော့မှ အိန်းစတိန်းလည်း ဟုတ်သားပဲ။
ငါဘာလို့ မစဉ်းစားမိတာလဲဆိုပြီး
ပြန်တွေးနေမိသတဲ့။
**အဲဒါပဲသမီး... တစ်ခါတစ်ရံ**
**ပညာရှင်ကြီးတွေဟာ စေ့စေ့စပ်စပ်တွေးရင်းနဲ့**
**လွယ်လွယ်လေးတွေကို**
**လွဲချော်သွားတတ်တယ်။ သမီးလေး**
**သင်ခန်းစာ ယူနိုင်အောင်လို့ပါ။**

ဖေဖေ



သမီး...

**လှပတင့်တယ်တဲ့ နှင်းဆီပန်းပွင့်ဟာ**
**ချစ်လက်ဆောင်အပေးခံရရင်**
**အမြတ်တနိုးနဲ့ ခေါင်းပေါ်တင်ပန်ဆင်ခြင်း**
**ခံရမှာဖြစ်ပေမယ့်**
**အနေမတတ်လို့ နေရာမှားသွားရင်**
**လွမ်းသူ့ပန်းခွေထဲ ရောက်သွားလိမ့်မယ်။**
အဲဒီအခါကျရင် ဘယ်သူကမှ
ချစ်ခင်နှစ်သက်စွာ ခေါင်းပေါ်တင်
ပန်ဆင်ချင်ကြမှာ မဟုတ်ဘူးနော်။
မိန်းကလေးဆိုတာ...
လှပတဲ့ နှင်းဆီပွင့်နဲ့တူတယ် သမီးရဲ့။
လွမ်းသူ့ပန်းခွေထဲ မရောက်အောင်တော့
နေတတ်ထိုင်တတ်ဖို့ လိုတာပေါ့နော်။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

ဥသြငှက်ဟာ
နေတော့လည်း တစ်ကောင်တည်း
သေတော့လည်း တစ်ကောင်တည်း
အကျင့်ရှိတဲ့အတွက် ဒုက္ခရောက်တဲ့အခါ
ကူမယ့်သူ မရှိဘူး။
ကျီးကန်းကတော့...
အများနဲ့စုပေါင်းနေထိုင် လုပ်ကိုင်ကြတယ်။
တစ်ကောင်ဒုက္ခတွေ့ရင်
ကိုယ်နဲ့မဆိုင်သလို မနေဘူး။
မိုးလုံးပြည့်မျှ ဝိုင်းအုံလာပြီး
ကျွတ်ကျွတ်ညံ အော်ဟစ်နေကြတယ်။
ကဲ... သမီးစဉ်းစားကြည့်
ဥသြလိုနေတာ ကောင်းသလား၊
ကျီးကန်းလိုနေတာ ကောင်းသလား။

မေမေ



သမီး...

ရုပ်အဆင်းက အလင်းရှိမှ တင့်တယ်တာ။
အရည်အချင်းက အလင်းအမှောင် မရွေးဘူး။
တန်ကြေးရှိတယ်။
ဒါကြောင့်...
ရုပ်အဆင်းကို သိပ်အားမထားနဲ့။
အရည်အချင်းကိုပဲ အားကိုးပြီး
တန်ဖိုးရှိအောင်လုပ်။

မေမေ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

Face to face,
The truth comes out.
မျက်နှာချင်းဆိုင်(ဆုံရှင်း)တော့မှ
အမှန်တရား ပေါ်ထွက်လာတတ်၏။
တစ်ခါတစ်ရံမှာ...
ကိုယ့်အထင်ကိုယ့်အတွေးနဲ့
တအုံနွေးနွေးဖြစ်နေပြီး
တစ်ဖက်လူကို အစာမကြေဖြစ်နေတတ်တယ်။
တစ်ဖက်ကလည်း ဘာမှန်းမသိဘဲ
အထင်လွဲ အမြင်လွဲ
စွပ်စွဲပြောဆိုနေတာမျိုး ရှိတတ်တယ်။
အဲဒီ့အခါမှာ
နှစ်ဦးနှစ်ဖက် မျက်နှာစုံညီ တွေ့ဆုံပြီး
ဖြေရှင်းလိုက်တော့
သံသယတွေ အထင်မြင်လွဲ စွပ်စွဲမှုတွေ
အားလုံးပြေပျောက်ပြီး လမ်းမှန်ရောက်ရော။
သမီးလေးမှာ အဲဒီ့လို
တအုံနွေးနွေးကိစ္စတွေ ရှိခဲ့ရင်
မျက်နှာချင်းဆိုင် ဖြေရှင်းနိုင်အောင်
ကြိုးစားနော်။

မေမေ



သမီး...

သူများကြိုးဆွဲမှ
လှုပ်ရှားကပြရတဲ့
ရုပ်သေးရုပ်လိုမျိုး မဖြစ်ပါစေနဲ့။
ပစ်ချင်ရာပစ်
ရောက်တဲ့နေရာမှာ
မတ်မတ်ထောင်နေနိုင်တဲ့
ပစ်တိုင်းထောင်လိုမျိုးပဲ ဖြစ်စေချင်တယ်။

မေမေ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

နိုင်ငံရပ်ခြား စာသင်သွားမယ့်သမီးကို
မှာစရာ သုံးခုရှိတယ်။
**တစ်... နိုင်ငံခြားသား မယူရ။**
**နှစ်... ဘာသာမတူ မယူရ။**
**သုံး... သူများနိုင်ငံသား မခံယူရ။**
အဲဒါ ဖေဖေ့ရဲ့ သံမဏိစည်းကမ်းပဲ။
တစ်ချက်ချက်ဖောက်ဖျက်ရင်
သမီးနဲ့ဖေဖေ မျက်နှာပျက်စရာဖြစ်လိမ့်မယ်။
တစ်သက်လုံး ကောင်းခဲ့ပြီးမှ
ဒီတစ်ချက်လေးတော့ မဆိုးနဲ့နော်။
အမျိုးဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်မှ
ဖေဖေ့သမီး ပီသမှာပေါ့။
သမီးလေးက လိမ္မာပါတယ်ကွယ်။
ဖေဖေ့စကား နားဆောင်နော်။

**ဖေဖေ**



သမီး...

စာတစ်အုပ်မှာ ဖတ်ဖူးတယ်။
ကမ္ဘာကျော်ပညာရှိကြီးတစ်ဦးကို
စာနယ်ဇင်းသမားတစ်ဦးက
အင်တာဗျူးလုပ်သတဲ့။
'လူတစ်ယောက်အတွက်
ဘဝမှာ ဘာအရေးကြီးဆုံးလဲ'
'မှတ်ပုံတင်'
'မှတ်ပုံတင်ဟာ တကယ်ပဲ အရေးကြီးလို့လား'
'ဟ... ကြီးတာပေါ့၊
မှတ်ပုံတင်မရှိရင် မင်းကိုယ်မင်း
ဘယ်သူလဲဆိုတာ ဘယ်သိတော့ မလဲ။'
'ဒါကတော့... ဆရာကြီးရယ်'
'ဒါကတော့ လုပ်မနေနဲ့။
မိုးလင်းလို့ မှတ်ပုံတင် ကြည့်မှ
ငါ့ကိုယ်ငါ ဘယ်သူမှန်းသိတာ' တဲ့။
ပညာရှိကြီးဟာ အများကြီးစဉ်းစားတွေးတော
နေရလို့ သူ့ကိုယ်သူ မေ့ မေ့နေတယ်။
**သမီးလေးကတော့ ကိုယ့်ကိုယ်ကိုယ်**
**မေ့လောက်အောင် မတွေးနဲ့ပေါ့နော်။**
**စာတွေအများကြီး ဖတ်ပြီး**
**အများကြီးတွေးနေမှာစိုးလို့ပါ။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

ရောဂါပျောက်ဆေးမှန်သမျှ ခါးတာများတယ်။
ဒါပေမဲ့...
လူကို အကျိုးပြုတယ်။
အတွေ့အကြုံများတဲ့
မိဘတွေရဲ့ဆုံးမစကားဟာ
တစ်ခါတစ်ရံမှာ
နားထဲမှာ ခါးသက်သက်ဖြစ်နိုင်တယ်။
ဒါပေမဲ့... သမီးကို အကျိုးရှိစေနိုင်တယ်။
**ရောဂါပျောက်ချင်ရင်**
**ဆေးခါးတွေကိုလည်း သောက်ရသလို**
**ကိုယ့်ဘဝ လှပကောင်းမွန်ဖို့အတွက်**
**မိဘတွေရဲ့ နားဝင်ခါးစေနိုင်တဲ့**
**ဆုံးမစကားတွေကိုလည်း**
**သည်းခံနားထောင် လိုက်နာရလိမ့်မယ်။**





**သမီး...**

ပျော်ရွှင်မှုနဲ့ ကြေကွဲဝမ်းနည်းမှုဆိုတာ
ခေါင်းနဲ့ပန်းလိုပဲ ကျောချင်းကပ်နေတာ
ခေါင်းပြီးရင် ပန်းကျမယ့်အလှည့်
ပန်းကျပြီးရင်လည်း
ခေါင်းဘက် ပြန်ရောက်ဦးမယ်။
**လူ့ဘဝရဲ့ ကံကြမ္မာဟာ**
**ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲကွယ်။**
**ပျော်ရွှင်လိုက် ဝမ်းနည်းလိုက်နဲ့**
**လုံးချာလိုက်နေတာပါပဲ။**
ဒါကြောင့်...
ကြေကွဲဝမ်းနည်းစရာ ကြုံနေတဲ့အချိန်မှာ
မကြာခင် ပျော်ရွှင်စရာ လာတော့မယ်ဆိုတာ
ဖော်မြူလာအရ သေချာနေပါတယ်။
ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းများစွာနဲ့
အဲ့ဒီကြေကွဲဝမ်းနည်းစရာတွေကို
တောင့်ခံထားစမ်းပါ... သမီးရယ်။
အပြုံးမပျက်ပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

**လူ့လောကကြီးမှာ**
**ပေးဖို့အလွယ်ဆုံးက မေတ္တာဖြစ်သလို**
**ရဖို့အခက်ဆုံးကလည်း မေတ္တာပဲ။**
လူတွေဟာ...
ကိုယ်အလွယ်တကူပေးနိုင်တဲ့
မေတ္တာကိုမပေးကြဘဲ
သူများဆီက ရဖို့ခက်တဲ့မေတ္တာကိုပဲ
လိုလားတောင့်တ နေကြတယ်။
မခက်ဘူးလား... သမီးရယ်။
ဒါပေမဲ့...
အဲဒီလူတွေထဲမှာ
ဖေဖေတို့လည်း ပါတယ်ဆိုတာကိုတော့
မမေ့လိုက်နဲ့ပေါ့။

**ဖေဖေ**



**သမီး...**

တောင်ပေါ်မတက်ရဲတဲ့သူ
တောင်ပေါ်မှာ ပွင့်တဲ့ပန်း မခူး မပန်နိုင်။
ရေထဲမဆင်းရဲတဲ့သူ
ရေလယ်မှာပွင့်တဲ့ ကြာဖြူပွင့် ခူးခွင့် မရနိုင်။
သတ္တိမရှိသူအတွက် ဘာတစ်ခုမျှမရနိုင်။
**စက်ခဲသောအရာများကို**
**ရချင်လိုချင်လျှင် သတ္တိရှိရန်လို၏။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

တစ်ခါက... လူတစ်ယောက်ဟာ သူ့အသက်
(၂၀)အရွယ်မှာ ဘုရားထံ ဆုတောင်းတယ်။
'လောကကြီးကို ပြောင်းလဲပစ်လိုတဲ့အတွက်
စိတ်ခွန်အားပေးသနားပါတဲ့။'
လောကကြီးက ဘာမှပြောင်းလဲမသွားဘူး။
သူ လုပ်ချင်တာတွေလည်း ဖြစ်မလာဘူး။
အသက် ၄၀ ရောက်တော့... သူ ထပ်ဆုတောင်း
တယ်။ လောကကြီးကို မပြောင်းလဲလိုတော့ပါဘူး။
တပည့်တော် အနီးနားက လူအချို့ကိုပဲ ပြောင်းချင်
ပါတယ်။ ဒါပေမဲ့... ဘာမှမထူးဘူး။ ဒီအတိုင်းပဲ။
သူလုပ်ချင်တာတွေလည်း ဖြစ်မလာဘူး။
အသက် ၆၀ ရောက်တော့... သူ ဆုတောင်းကို
ပြင်လိုက်တယ်။ သူများကို မပြောင်းလဲလိုတော့
ပါဘူး။ ကိုယ့်ကိုယ်ကိုယ်... ပြောင်းနိုင်ဖို့ကိုပဲ
စိတ်ခွန်အားပေးပါ။ သူက ... ထပ်ပြောသေးတယ်။
**ဆုတောင်းတွေမှားခဲ့လို့**
**အချိန်တွေ နှမြောလိုက်တာတဲ့။**
**သမီးလည်း ဆုတောင်းမမှားစေနဲ့နော်။**
**သူများကို ပြုပြင်ဖို့ထက်**
**ကိုယ့်ဘာသာကိုယ် ပြုပြင်နိုင်ဖို့ကြိုးစား။**

**ဖေဖေ**



**သမီး...**

ပုစွန်ဆိတ်လေး ဘယ်လိုငယ်
ပင်လယ်ကိုတော့ ကူးနိုင်တယ်။
အဲ့ဒီစကားကို ငယ်ငယ်တုန်းက ကြားခဲ့ဖူးတယ်။
အခုတော့ အမှန်ပဲ သမီးရေ...
အသက် ၂၀ ဝန်းကျင်မှာ
နိုင်ငံကျော်၊ ကမ္ဘာကျော်ဖြစ်နေပြီး
ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နေတဲ့လူငယ်တွေ
မြင်တွေ့ရတော့ သူတို့ကို
ဖေဖေချီးကျူး လေးစားမိတယ်။
**သူတို့လေးတွေဟာ**
**တော်လည်းတော်ကြသလို**
**ကျော်လည်း ကျော်ကြပါပေတယ်။**
**အဲဒီလိုလူငယ်တွေထဲမှာ ဖေဖေ့သမီးတွေ**
**ပါစေချင်လိုက်တာ။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

Kindle not a fire that you cannot
put out.
**သင် မငြိမ်းသတ်နိုင်သောမီးကို မမွှေးမိပါစေနဲ့။**
**ကိုယ်မနိုင်တဲ့ဓာတ် မကာမိပါစေနဲ့။**
ကိုယ် မငြိမ်းသတ်နိုင်တဲ့မီး သွားမွှေးမိရင်
ကိုယ့်ကို လောင်ကျွမ်းပြာကျသွားစေလိမ့်မယ်။
ကိုယ်မနိုင်တဲ့ဓာတ် သွားကမိရင်
မိုးသားလင်းရော
ပွဲမသိမ်းနိုင်တဲ့အဖြစ်မျိုးရောက်လိမ့်မယ်။
သမီးလေး... သတိထားနိုင်ဖို့ပါ။

ဇဇ



**သမီး...**

ငယ်ရွယ်စဉ် ကလေးဘဝကတည်းက
မိဘ၊ ညီအစ်ကို မောင်နှမတွေအားကိုးပြီး
လူတောမတိုးရဲတဲ့ မိန်းကလေးတွေရှိတယ်။
ဈေးသွားခိုင်းလို့လည်း မသွားရဲ။
ကျူရှင်သွားရင်တောင် အကြိုအပို့လုပ်ပေးမှ
ဘာတစ်ခုမှ ကိုယ့်ဘာသာအားမကိုးဘဲ
သူများနှာခေါင်းပေါက်နဲ့ပဲ အသက်ရှူခဲ့တယ်။
ဘဝခရီးကို ကိုယ်တစ်ယောက်တည်း
မဖြစ်မနေသွားရမယ့်အချိန်လည်း ရောက်ရော
အခက်အခဲပြဿနာမျိုးစုံ တွေ့ကြုံတော့တာပဲ။
ကိုယ့်အားကိုယ်မကိုးရဲ
ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းပြီး
စိတ်ဆင်းရဲလို့ ထိုင် ထိုင်ငိုနေရတယ်။
**အဲဒီလိုမဖြစ်အောင် ငယ်စဉ်ကတည်းက**
**ကိုယ့်အားကိုယ်ကိုး လူတောတိုးဖို့**
**ကြိုးစားသင့်တယ် မဟုတ်လား။**
**သမီး စဉ်းစားကြည့်လေ။**

ဇဇ

www.burmeseclassic.com

www.burmeseclassic.com



**သမီးလေး...**

အတွေးအခေါ်နဲ့ အသက်ရှင်ပါ။
နှစ်တွေကုန်ဆုံးသွားတာ ဂရုမစိုက်ပါနဲ့။
ယုံကြည်ချက်နဲ့ အသက်ရှင်ပါ။
နာရီဒိုင်ခွက်ပေါ်က ဂဏန်းတွေကို
သိပ်ပြီးအလေးအနက်မထားပါနဲ့၊
ခံစားချက်နဲ့ အသက်ရှင်ပါ။
ဝင်သက်ထွက်သက်အပေါ် မကြောင့်ကြပါနဲ့။
**ရင်ခုန်သံနဲ့သာ အချိန်ကိုတိုင်းတာပါ။**
**အဲဒီအချိန်အတွင်းမှာ**
**အမြင့်မြတ်ဆုံးတွေကို ခံစားပြီး**
**အကောင်းဆုံးတွေကို ဆောင်ရွက်နိုင်ပါစေ။**

ဖေဖေ



**သမီး...**

**ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမယ်။**
**အခြေအနေမပေးလို့ ဂုဏ်ပြုခွင့်မကြုံရင်**
**ချီးမွမ်းစကား ပြောပေးရမယ်။**
ချီးမွမ်းစကား ပြောခွင့်မရခဲ့ရင်
သူ့အကြောင်းကို တစ်ဆင့်ကြားနဲ့
အတင်းအဖျင်းပြောဆိုတာမျိုး
ဘယ်တော့မှ မလုပ်မိစေနဲ့နော်။
သေးသိမ်ညံ့ဖျင်းရာရောက်တယ်။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်...

ဘဝဆိုတာ...
ရေစီမှိုဝင်နေတဲ့လှေနဲ့
ငါးဖမ်းထွက်နေတာပါပဲ။
ဘဝထဲ တိုးဝင်လာတဲ့ ဒုက္ခတွေကို
ခပ်ထုတ်ပစ်ဖို့ကြိုးစားရင်း
သောကအပုံတွေအောက်မှာ
အလိုဆန္ဒတွေ ရလိုဇောနဲ့
အမိအရလိုက်ဖမ်းနေတာ
ဘဝမဟုတ်ဘူးလား... သမီးရယ်။



သမီး...

တချို့မိန်းကလေးတွေက
အတွင်းထဲရဲ့ အပြင်ကာ
အပြင်ထဲရဲ့ အတွင်းကာဆိုသလိုပဲ။
သူ့စိမ်းနဲ့ကျတော့
အင်္ဂလိပ်ဂဏန်း 6 နဲ့ 9 လို
အဆင်ပြေ အိုကေနိုပြည်လို့
ကိုယ့်မိသားစုနဲ့ကျတော့
မျက်နှာကြောတင်းထားလိုက်တာ
သူ့လုပ်စာ စားနေတဲ့အတိုင်းပဲ။
မြန်မာဂဏန်း ၃ နဲ့ ၄ လို နီးလျက်နဲ့ဝေး
ကျောပေးနေတတ်ကြတယ်။
ပြီးတော့... တစ်အိမ်လုံးအပေါ် ဗိုလ်ကျပြီး
ဇွာကျယ်ကျယ်လုပ်တတ်သေးသတဲ့။
အဲ့ဒီလိုမိန်းကလေးမျိုး သမီးဖြစ်နေရင်
ဖေဖေတော့... ဒုက္ခ။

www.burmeseclassic.com

www.burmeseclassic.com



သမီး...

မိုးသာမရွာဘူးဆိုရင်
နေသာမပူဘူးဆိုရင်
နှင်းသာမကျဘူးဆိုရင်... ဆိုတဲ့
အကြောင်းပြချက်အမျိုးမျိုးနဲ့
ကိုယ်လုပ်ရမယ့် အလုပ်တွေကို
ရွှေ့ဆိုင်း ရပ်တန့်ပစ်မယ်ဆိုရင်
တိုးတက်အောင်မြင် ပျော်ရွှင်တဲ့သူဖြစ်ဖို့
ဟိုး... အဝေးကြီးမှာကျန်ခဲ့လိမ့်မယ်။
သမီး... သတောပေါက်။

ဖေဖေ



သမီး...

မလေးရှားကို ဖေဖေအလည်ရောက်တော့
မီးရောင်ထိန်ထိန်လင်းပြီး တိုးတက်ပြောင်းလဲ
နေတဲ့ ကွာလာလမ်ပူရွှေမြို့တော်ကို
တစ်နေကုန် လှည့်ပတ်ကြည့်ရှုပြီး
ဖေဖေ့ခေါင်းထဲ အတွေးတစ်ခုရောက်လာတယ်။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက်
ဖေဖေတို့မှာ လုပ်စရာတွေအများကြီး
ရှိသေးတယ်။ ပိုပြီးဖွံ့ဖြိုးတိုးတက်တဲ့
နိုင်ငံဖြစ်အောင်လုပ်ဖို့ ဖေဖေတို့
နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်။
ကိုယ်စွမ်းကိုယ်စရှိသမျှ ကိုယ်နိုင်ရာ
တာဝန်ကို ထမ်းကြရမယ်။
ဒါဟာ မျိုးချစ်စိတ်ရှိသူတိုင်းရဲ့ တာဝန်ပဲ။
သမီးလေးကို မျိုးချစ်စိတ်ရှိစေချင်တယ်။
နိုင်ငံအကျိုးကို သယ်ပိုးစေချင်တယ်။
ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်အောင်
အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ဖေဖေနဲ့အတူ
သမီးလေးကို ပါဝင်ထမ်းဆောင်စေချင်တယ်။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

ငါးမျှားဖို့ ရေကန်ဘက်ထွက်လာပြီးမှ
ဖားအော်သံကြားလို့
ဖားလျှောက်ရိုက်နေရင်
ငါး ဘယ်ရတော့မလဲလေ။
ကိုယ်လိုချင်တာ ဘာလဲ၊
ငါးလား ဖားလား။
စဉ်းစားပါဦး သမီးရယ်။

ဖေဖေ



သမီး...

တစ်ခါတစ်ရံမှာ
နည်းနည်းရဖို့အရေး
များများပြောနေရတတ်တယ်။
**Ask much to get little** တဲ့။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

**လူဖျင်းလူမိုက်တွေကသာ**
**မိမိကိုယ်တိုင်လုပ်ခဲ့တဲ့ အမှားတွေကနေ**
**သင်ခန်းစာယူကြတယ်။**
**ပညာရှိတွေကတော့...**
**ကိုယ်တိုင်အမှားမကျူးလွန်တဲ**
**သူတစ်ပါးတွေရဲ့ အမှားကိုကြည့်ပြီး**
**သင်ခန်းစာယူနိုင်ကြသတဲ့။**
**သမီးလေးကို ပညာရှိဖြစ်စေချင်တယ်။**
**လူဖျင်းလူမိုက် မဖြစ်ပါစေနဲ့။**

**ဖေဖေ**



**သမီး...**

ထော်လာဂျီကို မြင်ဖူးလား
ကူဘိုတာအင်ဂျင်တပ်ပြီး
ကားလိုပဲလျှောက်ပြေးနေတဲ့
ကားစာရင်းမဝင်တဲ့ ကားတစ်မျိုးပေါ့။
သူက ကားစာရင်းမဝင်ပေမဲ့
မြစ်ထဲကရေကို တင်နိုင်တယ်။
တွင်းထဲကရေကို မှုတ်ထုတ်နိုင်တယ်။
မီးစက်လိုလည်း အသုံးပြုနိုင်တယ်။
စပါး၊ အုတ်ခဲ၊ သဲ စတဲ့ပစ္စည်းတွေ
သယ်နိုင်တယ်။
ဒါ့အပြင် လူတွေကိုလည်း တစ်ရွာနဲ့တစ်ရွာ၊
တစ်မြို့နဲ့တစ်မြို့ သယ်ပို့ပေးနိုင်သေးတယ်။
**ထော်လာဂျီဟာ ကားစာရင်းမဝင်ပေမဲ့**
**အသုံးဝင်အားထားရတဲ့ ကားတစ်မျိုးပဲ။**
**စာရင်းဝင်ဖို့ထက် အသုံးဝင်ဖို့က**
**ပိုအရေးကြီးတယ်လို့ သမီးမထင်ဘူးလား။**
**သမီးအထင်အမြင်ကို ဖေဖေသိချင်တယ်။**

**ဖေဖေ**

www.burmeseclassic.com

www.burmeseclassic.com



**သမီး…**

**ဆိတ်ဆိတ်နေခြင်းသည်**
**ထောင်တန်၏လို့ ဆိုတယ်။**
**တချို့နေရာမှာ ဆိတ်ဆိတ်နေမိလို့**
**နစ်နာဆုံးရှုံးရတာမျိုး ကြုံတတ်တယ်။**
ငိုတတ်တဲ့ကလေး နို့စို့ရတယ်ဆိုတဲ့
စကားကိုလည်း မှတ်သားထားဦးနော်။

ဖေဖေ



**သမီး…**

**ပြဿနာဆိုတာ လူတွေရဲ့အရည်အသွေးကို**
**တောက်ပြောင်အောင် စမ်းသပ်စစ်ဆေးပေးတဲ့**
**အရာတစ်ခုပဲလို့ ဖေဖေ ထင်တယ်။**
လူတွေဟာ ပြဿနာမျိုးစုံကို
တွေ့ကြုံ ဖြေရှင်းပြီး အရည်အသွေး
ထက်မြက်လာကြတာ။
ဒါကြောင့်… ပြဿနာဆိုတာ
လူတွေအတွက် လိုအပ်တဲ့အရာဖြစ်တယ်။
ကြောက်လန့်စရာသတ္တဝါ မဟုတ်ပါဘူး။
ပြဿနာဖြစ်လာတဲ့အခါ ခေါင်းအေးအေးနဲ့
စဉ်းစားဖြေရှင်းဖို့ပါပဲ။ ပထမဆုံးပြဿနာရဲ့
အခြေခံအကြောင်းရင်းကို ရှာပါ။
အကြောင်းရင်းကိုတွေ့တဲ့အခါ ဘယ်သူနဲ့
တွေ့ရမလဲ၊ ဘယ်သူ့ကို အကူအညီတောင်း
ရမလဲ။ ပြေလည်အောင် ဘယ်လိုညှိနှိုင်း
ဖြေရှင်းရမလဲ။ အပေးအယူ ဘယ်လိုလုပ်ရမလဲ
ဆိုပြီး မှန်မှန်ကန်ကန်ဖြေရှင်းမယ်ဆိုရင်
ပြဿနာပြေလည်ပြီး အဆင်ပြေသွားမှာပါ။
ပြဿနာတွေကို အောင်အောင်မြင်မြင်
အဆင်ပြေပြေ ဖြေရှင်းတတ်တဲ့
သမီးလေးဖြစ်ပါစေကွယ်။

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

The Best English မဂ္ဂဇင်းမှာဖော်ပြထားတဲ့ ဒဿနအတွေးတွေက ကောင်းလွန်းလို့ ဖေဖေရေးမှတ်ထားတယ်။ သမီးဖတ်ကြည့်။

- လူတွေဟာ မျက်လုံးလိုပဲ သူများကိုသာ မြင်တတ်ပြီး ကိုယ့်ကိုယ်ကိုယ်တော့ မမြင်တတ်ကြဘူး။ *တံခွန်(မြောင်းမြ)*
- အပင်လည်းမစိုက်၊ ပေါင်းလည်းမသင် ရေလည်းမလောင်းဘဲ အသီးစားချင်တဲ့သူဟာ အရှောင်သမားပဲနော်။ *စက်စက်(ပြင်ဦးလွင်)*
- တွေးကြည့်ပါ။ သို့သော်လည်း... တွေဝေခြင်းသို့ မရောက်ပါစေနှင့်။ *ကျော်နိုင်ဦး(တူးသီးတောင်)*
- ပင်လယ်ရေဆိုတာ များတော့များတယ်။ သောက်လို့မရပါဘူး။ ဒီလိုပဲ အပေါင်းအသင်းတွေများပေမယ့် မိတ်ဆွေကောင်းရှားတယ်။ *ရေစင်ကြည် (ပညာရေးတက္ကသိုလ်)*
- မှန်တိုင်းထန်ရင် ထန်ပါစေ။ ပန်းဖြစ်ခဲ့တာ သေချာအောင်တော့ အလှဆုံးပွင့်ပြခဲ့ပါ။ *အေးအေးနွယ်(B.Ed)*



သမီး...

၄-၇-၀၅ ရက်နေ့ထုတ် ဂျာနယ်တစ်စောင်ထဲမှာ မိန်းမစင်စစ်ကနေ ယောကျ်ားဖြစ်သွားတဲ့သတင်း ထူးထူးဆန်းဆန်း ဖတ်လိုက်ရတယ်။ အသက် ၂၀ ကျော်အထိ မိန်းမဘဝနဲ့နေခဲ့ရာက ၂၀၀၅ ခုနှစ် ဇွန်လ ၂၁ ရက်နေ့က စပြီး ယောကျ်ားအသွင် ပြောင်းသွားခဲ့တယ်။

မီးယပ်နဲ့ သားဖွားဆရာဝန်ကြီးတွေဆီ ခေါ်သွားပြတော့ သူဟာ တကယ်ပဲ ယောကျ်ားဖြစ်သွားပါပြီတဲ့။ မယုံတဲ့သူတွေ စူးစမ်းချင်တဲ့သူတွေက သူ့ဆီကို အပြေးအလွှား သွားကြည့်ကြတယ်။ လာတဲ့သူတိုင်းကို လက်ခံတွေ့ဆုံ ရှင်းပြသတဲ့။ ဂျာနယ်သတင်းထောက်တွေကလည်း သူ့ဆီသွားပြီး အင်တာဗျူးလုပ်ကြတယ်။ ပြန်ရေးကြတယ်။ ဂျာနယ်အတော်များများမှာ သူ့သတင်း ပါလာတယ်။ သူ့နာမည်က မောင်သန်းစိန်တဲ့။ မိန်းမဘဝနာမည်က မသင်းစန္ဒာတဲ့။ လှိုင်သာယာမှာ နေပါတယ်။ သူဒီလိုဖြစ်သွားတာ ဘာကြောင့်လဲလို့ ဘယ်သူမှ တိတိကျကျမပြောနိုင်ကြဘူး။

**လောကကြီးမှာ ဖြေရှင်းပြလို့မရတဲ့**
**ပုစ္ဆာတွေရှိနေတယ်ဆိုတာ**
**သမီးလေးကို သိစေချင်လို့ပါ။**

www.burmeseclassic.com

www.burmeseclassic.com



သမီး...

Hasty climbers have sudden falls.
အလျင်စလို အမြင့်တက်သူတိုင်း
ရုတ်တရက်ပြုတ်ကျတတ်သတဲ့။
အပေါ်ရောက်ချင်ဇောနဲ့
ကြိုးရာနေရာကနေ အလောသုံးဆယ်
ကုပ်ကပ်တွယ်တက်မယ်ကြံရင်
ဒီစာကြောင်းလေး အရင်ဖတ်ထားနော်။

ဖဖဖ



သမီး...

လူ့လောကကြီးထဲမှာ
Hard to believe ဆိုတဲ့
ယုံရခက်တဲ့ကိစ္စမျိုးတွေ အများကြီးရှိတယ်။
ကိုယ်မမြင်ဘူး၊ မတွေ့ဘူး။ မကြားဘူးပေမဲ့
ယုံသင့်ယုံထိုက်လို့ ယုံကြည်ရတာမျိုးရှိတယ်။
ဒါကြောင့်...
ငါက လက်တွေ့သမား
မျက်စိနဲ့ မမြင်၊ ကိုယ်တိုင်လည်းမကြုံရင်
မယုံနိုင်ဘူးဆိုတဲ့ တစ်ယူသန်စိတ် မစွဲနဲ့နော်။
ဖေဖေလိုမျိုး မှားမှာစိုးလို့ပါ။

ဖဖဖ

www.burmeseclassic.com

www.burmeseclassic.com



**သမီး**

လမ်းဆိုတာ လျှောက်ဖို့ပဲ။
ဒါပေမဲ့…
လမ်းတိုင်းကို လိုက်လျှောက်နေရင်တော့
ခရီးရောက်မှာမဟုတ်ဘူး။
ကိုယ်နဲ့ သင့်တော်မဲ့လမ်းကိုပဲ
ရွေးချယ်လျှောက်လှမ်းဖို့ပါပဲ။
**အဖော်ကောင်းလို့ လမ်းဟောင်းကြီးနောက်**
**တကောက်ကောက် လိုက်လျှောက်နေရင်**
**ကိုယ်မှန်းတဲ့နေရာ မရောက်ဘဲနေလိမ့်မယ်။**
**ကိုယ့်လမ်း ကိုယ်ရွေးလျှောက်တတ်ပါစေ။**

ဖဖ



**သမီး…**

**ငိုသံနဲ့ စတင်ရောက်လာပြီး**
**ငိုသံတွေကြားထဲက ပြန်ထွက်သွားရတာ**
**လူ့ဘဝပဲမဟုတ်လား သမီးရယ်။**
လူဟာ မွေးလာတုန်းက ဘာမှမပါလာသလို
ပြန်သွားတော့လည်း ဘာမှယူသွားလို့မရပါဘူး။
ဒီသဘောတရားလေးကိုသာ
အသေအချာသိကြမယ်ဆိုရင်
လူ့ဘဝနေရတုန်းအခိုက်မှာ
ရှေးကုသိုလ်ကံကြောင့်
ခေတ္တခဏ ပိုင်ဆိုင်ခွင့်ရတဲ့
ဥစ္စာပစ္စည်းတွေနဲ့ပတ်သက်ပြီး
မာန်တက်မနေသင့်ဘူးလို့ ထင်တယ်။
ဟုတ်တယ်မဟုတ်လား… သမီး။

ဖဖ

www.burmeseclassic.com

www.burmeseclassic.com



သမီး...

ရေကန်ထဲကိုကျသွားတဲ့ ခဲတစ်လုံးကြောင့်
ဖြစ်ပေါ်လာတဲ့လှိုင်းဂယက်ကို
ချက်ချင်းငြိမ်သက်သွားအောင်
ဘယ်သူမှ မလုပ်နိုင်ဘူး။
သူ့အချိန်ရောက်မှ
ကန်ရေပြင် ပြန်ငြိမ်သက်သွားတာမဟုတ်လား။
**တချို့ကိစ္စတွေမှာ**
**ဒီလိုပဲ အချိန်မတန်ရင် ဘာမှလုပ်လို့မရဘူး။**
**အချိန်ကို ထိုင်စောင့်နေရတတ်တယ်ဆိုတာ**
**သမီး နားလည်စေချင်တယ်။**

ဖေဖေ



သမီး...

ဖေဖေတို့အနားမှာ
ဖေဖေတို့မကြိုက်တဲ့ ခြင်၊ ယင်၊ ပိုးဟပ်၊
ပုရွက်ဆိတ်၊ ကြွက် စတဲ့
လူကိုဒုက္ခပေးတတ်တဲ့သတ္တဝါတွေ အများကြီးပဲ။
မကြိုက်ပေမဲ့လည်း
အဲ့ဒီသတ္တဝါတွေနဲ့
အတူနေ နေရတာပဲမဟုတ်လား။
**ကိုယ်မနှစ်မြို့နိုင်တဲ့သူတွေနဲ့ အတူတူနေရလို့**
**စိတ်ဆင်းရဲတဲ့အခါ ဒီစာပိုဒ်လေးကို**
**သမီးအမှတ်ရလိုက်ပါ။**

ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



**သမီး...**

မှိုဆိုတာ စားရတဲ့မှိုရှိသလို
မစားကောင်းတဲ့မှိုလည်း ရှိတယ်။
လူဆိုတာ ယုံကြည်စိတ်ချရတဲ့လူ ရှိသလို
မယုံကြည်ရတဲ့လူလည်း ရှိတယ်။
**မှိုကို ရွေးချယ်ပြီးစားသလို၊**
**လူကိုလည်း ရွေးချယ်ပြီးယုံ။**
**မယုံကြည်သင့်တဲ့လူယုံမိရင်**
**မစားကောင်းတဲ့မှို သွားစားမိလို့**
**ဘေးတွေ့တာမျိုး ကြုံတတ်တယ်။**





**သမီး...**

**သေကွဲရှင်ကွဲရတာလောက်**
**ဝမ်းနည်းကြေကွဲရတာ ရှိမယ်မထင်ပါဘူး။**
တစ်နေ့နေ့မှာတော့
ပြန်မဆုံနိုင်တဲ့ ကွဲကွာခြင်းမျိုးနဲ့
ဖေဖေတို့သားအဖ ခွဲခွာကြရမှာပဲလေ။
နိုင်ငံရပ်ခြားကို ပညာသွားသင်ဖို့
နှစ်ကာလအတန်ကြာ ခွဲခွာကြရတာ
ဝမ်းနည်းစရာမဟုတ်ပါဘူးကွယ်။
အချိန်တန်လို့ သမီးအိမ်ပြန်လာမယ့်အချိန်ကို
ဖေဖေ စောင့်မျှော်နေမှာပေါ့။
အဲ့ဒီအချိန်ကျရင် ဖေဖေတို့မိသားစု
ပျော်ရွှင်စွာ ပြန်ဆုံတွေ့ကြရအောင်နော်။
အခုတော့... လွမ်းနေရဦးမှာပေါ့ သမီးရယ်။



www.burmeseclassic.com

www.burmeseclassic.com



သမီး...

လူ့လောကမှာ ဆင်းရဲဒုက္ခတွေရှိတယ်။
မွေးဖွားခြင်းဆင်းရဲ၊
အိုခြင်း နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ
မချစ်မနှစ်သက်သူနှင့်
အတူတကွနေရခြင်းဆင်းရဲ။
ချစ်ခင်နှစ်သက်သူနှင့်
ကွေကွင်းရခြင်းဆင်းရဲ။
လိုတမရခြင်းဆင်းရဲ။
အဲဒီဆင်းရဲခြင်းတရားတွေကို
လူတိုင်းလိုလို တွေ့ကြုံခံစားကြရတယ်။
**ဒါပေမဲ့... အဲဒီဆင်းရဲခြင်းတွေကြောက်ပြီး**
**လွတ်မြောက်ကြောင်းရှာတဲ့သူ**
**မရှိသလောက်ရှားတယ်။**
**ဆင်းရဲတောထဲမှာပဲ ပျော်မွေ့နေကြလေရဲ့။**
**အဲဒီလူတွေထဲမှာ ဖေဖေလည်း ပါတယ်လေ။**
တစ်ချိန်ချိန်မှာတော့...
ဒုက္ခဆင်းရဲခြင်းမှ လွတ်ကင်းအောင်
ကျင့်ကြံအားထုတ် ကြိုးစားဖြစ်မယ်ထင်တယ်။
သမီးကော... အဖော်လိုက်မှာလား။

ဖေဖေ



သမီး...

**သေခြင်းတရား တံခါးဖွင့်ပိတ်**
**ရင်ထိတ်စရာ မဟုတ်ပါတည့် ဆိုတဲ့**
ကဗျာတိုလေးတစ်ပုဒ်
ကျောင်းသားဘဝတုန်းက ဖေဖေ ဖတ်ခဲ့ဖူးတယ်။
ဘယ်သူရေးမှန်း မမှတ်မိတော့ဘူး။
ကဗျာလေးက ကောင်းလွန်းလို့
အခုထက်ထိ ဖေဖေမှတ်မိနေသေးတယ်။
ဟုတ်လည်း ဟုတ်တာပဲလေ။
သေခြင်းတရားဆိုတာ
ရင်ထိတ်စရာမှမဟုတ်တာ။
သူဖွင့်ထားတဲ့အချိန် ဝင်သွားရုံပဲမဟုတ်လား။
သူလည်းသွား၊ ကိုယ်လည်းသွား
ပျော်ပျော်ပါးပါးပေါ့။
ဘာလို့ ကြောက်ရွံ့တုန်လှုပ်နေရမှာလဲ
ရင်ထိတ်စရာလည်း မဟုတ်ပါဘူး။
အချိန်တန်အိမ်ပြန်ရတာ သဘာဝပဲလေ။
သဘာဝတရားကို နားလည်ပါ။
သေခြင်းတရားနဲ့ ကြုံတွေ့ရတဲ့အခါ
ငိုငိုယိုယိုနဲ့ ကြောက်လန့်မနေနဲ့နော်။
ဖေဖေ့သမီး မပီသရာရောက်နေလိမ့်မယ်။

ဖေဖေ

www.burmeseclassic.com

**သမီး...**

ကံဆိုးမိုးမှောင်ကျပြီး ဘဝပင်လယ်ပြင်မှာ
တစ်ယောက်တည်း လက်ပစ်ကူးနေရတဲ့အချိန်
လောကဓံရဲ့ ထိုးနှက်ချက်တွေအောက်မှာ
မှောက်ရက်လဲပြီး နဖူးပြဲ ဒူးကွဲနေတဲ့အချိန်
ရဲတိုက်ကြီးလို့ထင်ခဲ့တဲ့ ကိုယ့်ဘဝသဲအိမ်လေး
ကံကြမ္မာမုန်တိုင်းဒဏ်ကြောင့် ပြိုလဲလုလုအချိန်
ကိုယ်ချစ်ခင်နှစ်သက် ယုံကြည်အားကိုးခဲ့ရတဲ့
ချစ်သူခင်သူတွေရဲ့ ပစ်ပယ်ခံနေရချိန်
တစ်ဦးတစ်ယောက်ကြောင့် မျှော်လင့်ချက်တွေ
တစ်စစီကွဲကြေသွားတဲ့အချိန်
ဖေဖေရဲ့ သမီးလေးဖတ်ဖို့ စာအုပ်လေးကို
ဖတ်ဖြစ်ပါစေကွယ်။
အားတက်ဖွယ်ရာ ဘဝအားမာန်တွေ
သမီးလေးကို ရစေချင်လို့ပါ။
**သမီးလေးမှာ တိုင်ပင်အားကိုးစရာ**
**ဖေဖေရှိသေးတာပဲဆိုတဲ့ အသိတစ်ခုကြောင့်**
**ဘဝကို လက်မြှောက်အရှုံးမပေးသေးဘဲ**
**တစ်က ပြန်စချင်စိတ်တွေ**
**ဖြစ်ပေါ်စေချင်ပါတယ်။**
**ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့**
**အောင်မြင်ပျော်ရွှင်သော ဘဝတစ်ခုကို**
**လှလှပပ တည်ဆောက်နိုင်ပါစေ။**

**ပေပေ**

# စာဖတ်သူသို့

- ဤစာအုပ်ကို
  ကျနသေချာ
  ဖတ်ပြီးသောအခါ...
- ရင်ထဲတွင်
  ပြောချင်စရာများ
  ရှိလာပြီအံ့။
- တယ်လီဖုန်းဖြင့်ဖြစ်စေ
  စာဖြင့် ဖြစ်စေ
- ပြောဆိုဆွေးနွေး
  ရေးသားဝေဖန်
  အကြံပြုကြစေချင်ပါသည်။
- စာဖတ်သူ၏ အမြင်ကို
  ကြားသိချင်လှပါ၏။

ကြိုတင်ကျေးဇူးတင်လျက် -

**ကောင်းသန့်**

အမှတ် ၂၀၉၊ ပ-ထပ်(ယာ)၊ ၃၈ လမ်း(အထက်)
ရန်ကုန်မြို့။ ☎ ၃၈၃၄၂၃

www.burmeseclassic.com

## ကျောင်း သင့် ရေး သား ထုတ် ဝေ ခဲ့ ပြီး သော စာ အုပ် များ

၁။ အချစ်ဆုံးသို့ (ဒဿနစာစုများ)
၂။ လွတ်မြောက်သွားသူ (ဘာသာပြန်ဝတ္ထုရှည်)
၃။ ကောင်လေးကောင်မလေး(၁) (ဒဿနစကားစုများ)
၄။ သမီးလေးဖတ်ဖို့(၁) (ဒဿနစကားစုများ)
၅။ ဘုရားသခင်သည်အမှန်တရားကို
သိတော်မူသည်နှင့် (ဘာသာပြန်ဝတ္ထုတိုများ)
၆။ ချစ်သူဖတ်ဖို့ (ဒဿနစကားစုများ)
၇။ မေမေ့လက်ဆောင် (ဒဿနကဗျာရှည်)
၈။ တိမ္မနှစ်ယောက် (ဒဿနဝတ္ထုသစ်)
၉။ မှတ်စု (အောင်မြင်ရေးမှတ်စု)
၁၀။ ဗေဒင်ဗိုင်ယာရီ
၁၁။ သမီးလေးဖတ်ဖို့ (၂) (ဒဿနစကားစုများ)
၁၂။ ကော့ကေးဆပ်အကျဉ်းသား (ဘာသာပြန်ဝတ္ထုရှည်)
၁၃။ ချစ်သူ့အကြောင်း (ရသစာစုများ)
၁၄။ အိပ်မက်အလွမ်း (ဘဝဒဿနဝတ္ထုရှည်)
(၁၉၉၉ ခုနှစ် အမျိုးသားစာပေဆုရသည်။)
၁၅။ သားမေမေ (ဒဿနစကားစုများ)
၁၆။ သူငယ်ချင်း (ဒဿနစကားစုများ)
၁၇။ သမီးလေးဖတ်ဖို့ (၃) (ဒဿနစကားစုများ)
၁၈။ လူတွေဘာနဲ့နေ (ဘာသာပြန်ဝတ္ထုရှည်)
၁၉။ ချစ်ဘဝဒဿန (ဒဿနစာစုများ)
၂၀။ ချစ်တပည့်သို့ (ပညာပေးစာစုများ)
၂၁။ မင်းလေးကိုချစ်လို့သီချင်းဆိုရင်း (ရသဝတ္ထုသစ်)
အသက်ရှင်မယ်
၂၂။ ရာစုသစ်အတွေး (ဒဿနစာစုများ)
၂၃။ မြန်မာအတွေးအင်္ဂလိပ်အရေး
(ကြည်လွှင်ကိုကလောင်ခွဲအမည်ဖြင့်ရေးသည်)
၂၄။ သမီးလေးဖတ်ဖို့ (၄) (ဒဿနစကားစုများ)
၂၅။ အောင်မြင်ရေးဗေဒင်ဗိုင်ယာရီ
၂၆။ တိုးတက်အောင်မြင် (အောင်မြင်ရေးစာစုများ)
ပျော်ရွှင်ငြိမ်းချမ်း
၂၇။ လူတိုင်းသိတယ်နှင့်အခြားပုံပြင်များ
၂၈။ ချစ်သူ့ကဗျာ (ဘာသာပြန်ကဗျာများ)
၂၉။ အချစ်ဆိုသောတိုအရာ (ဒဿနစကားစုများ)
၃၀။ စရောင်းလမ်းမှပန်းနှင်းဆီ (ရသဝတ္ထုသစ်)
၃၁။ သမီးလေးဖတ်ဖို့ (၅) (ဒဿနစကားစုများ)
၃၂။ လူတစ်ကိုယ်မြေမည်မျှလို (ဘာသာပြန်ဝတ္ထုရှည်)
၃၃။ အမေသို့တမ်းချင်း (စံစားမှုစကားစုများ)
၃၄။ ကျက်မှတ်ဖွယ်ရာ အင်္ဂလိပ်စာ

www.burmeseclassic.com

www.burmeseclassic.com


၃၅။ သမီးများသို့(၁) (စိတ်ခွန်အားဖြည့်ပေးစာများ)
၃၆။ မြန်မာပုဂံ (သမိုင်းအတွေးစာစုများ)
၃၇။ ကြီးပွားချမ်းသာ (အောင်မြင်ရေးစာစုများ)
၃၈။ ကောင်လေးကောင်မလေး(၂) (ဒဿနစကားစုများ)
၃၉။ သမီးလေးဖတ်ဖို့(၆) (ဒဿနစကားစုများ)
၄၀။ တိမ်နေလဆောင်း (ရသဝတ္ထုသစ်)
၄၁။ မေ့မရသောအတိတ်များ (ရသစာစုများ)
၄၂။ သမီးလေးဖတ်ဖို့(၇) (ဒဿနစကားစုများ)
၄၃။ ချစ်ခြင်း၏ပုံရိပ်များ (ဘာသာပြန်ကဗျာများ)
၄၄။ သမီးများသို့ (၂) (စိတ်ခွန်အားဖြည့်ပေးစာများ)
၄၅။ ညီမလေးသို့စကားလက်ဆောင် (ရသစာစုများ)
၄၆။ အိုင်ဗင်လှူပေါ် (ဘာသာပြန်ဝတ္ထုရှည်)
၄၇။ သမီးလေးဖတ်ဖို့(၈) (ဒဿနစကားစုများ)
၄၈။ စေတနာစကား (အောင်မြင်ရေးစာစုများ)
၄၉။ အိပ်မက်ချစ်သူ (ကဗျာစာစုများ)
၅၀။ သမီးအတွက်အတွေးလက်ဆောင်(ဒဿနစကားစုများ)
၅၁။ သို့ ...မေမေ (ဒဿနစကားစုများ)


BURMESE CLASSIC .com

အမေကို ချစ်တဲ့ လူသားအားလုံးအတွက်

တန်ဖိုးထား အမှတ်တရ ဖြစ်စေရန် ရည်ရွယ်ပြီး

ရေးသားထားသည် . . .

# သို့ . . . မေမေ

## ကောင်းသန့်

စာမူခွင့်ပြုချက် - ၄၀၀၇၆၁၀၅၀၇

www.burmeseclassic.com